# နန္ဒကျော်သူ

လက်ဝဲဝါးကျွမ်း

ပ + ဒု နှစ်အုပ်တွဲ





| | |
|---|---|
| မူခွင့်ပြုချက်အမှတ် | ၁၀၇၉ / ၉၉ (၁၂) |
| ဖုံးခွင့်ပြုချက်အမှတ် | ၇ / ၂၀၀၀ (၁) |
| ထုတ်ဝေကာလ | ၂၀၀၀ ပြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေ<br>ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့(၃)၊<br>မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးသန်းဝင်း<br>ကျော်ပုံနှိပ်တိုက်<br>အမှတ်(၂၃၉)၊ ဓမ္မာသီလမ်း၊<br>မြောက်ဥက္ကလာပ။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁-လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


နန္ဒကျော်သူ

# လက်ဝဲဓားကျမ်း

ပ + ဒု

၂-အုပ်တွဲ သိုင်းစာစဉ်

# နန္ဒကျော်သူ

## လက်ဝဲခေါ်ကျမ်း

( ပထမပိုင်း )

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှစာပေ
ဖုန်း ၂၁၄၅၅

မြင်းလှည်းသမား

---

ထိုက်ဝူမြို့။

ထိုက်ဝူမြို့သည် စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်သည်။

ခရီးသည်များ၊ ကုန်သည်ပွဲစားများ၊ သိုင်းသမားများ ဒေသန္တရဗဟုသုတ ရှာဖွေသူများ ဝင်ထွက်သွားလာလျက်ရှိပြီး ခရီးလမ်းပန်း အချက်အချာကျသော မြို့လည်း ဖြစ်လေသည်။

အထူးသဖြင့်....

ထိုက်ဝူမြို့ အနီးတစ်ဝိုက်တွင် ထင်ရှားသော သဘာဝ ရှုမျှော်ခင်းများ၊ ရှေးဟောင်း ဘုန်းကျောင်းများနှင့် သစ်သီးဝလံ အလွန်ပေါများသော အရပ်ဒေသများ ရှိသည်။

ထိုက်ဝူမြို့သို့ ရောက်ရှိလာကြသူများသည် မြင်းလှည်းများ ငှားရမ်းကာ အနီးပတ်ဝန်းကျင် အရပ်ဒေသများသို့ နေ့ချင်းပြန် သွားရောက်လည်ပတ်တတ်ကြသည်။

ထို့ကြောင့်....

ထိုက်ဝူမြို့တွင် အခြားမြို့များထက်ပို၍ မြင်းလှည်းအရေအတွက် ပေါများနေ၏။

ကျင်းစန်းသည် မြင်းလှည်းသမားတစ်ယောက် ဖြစ်သည်။

သဘောမနောကောင်းသူလည်း ဖြစ်သည်။

သို့သော်....

သူ၏မြင်းလှည်းမှာ အိုမင်းဟောင်းနွမ်းနေပြီး မြင်းလှည်းဆွဲသည့်မြင်းမှာ ပိန်လှီနေသော မြင်းအိုကြီး တစ်ကောင် ဖြစ်သည်။

ထို့အပြင်....



ကျင်းစန်းသည် လက်တစ်ဖက်ပြတ် ဒုက္ခိတတစ်ယောက်လည်း ဖြစ်သည်။

သို့ဖြစ်၍...

ကျင်းစန်း၏မြင်းလှည်းကို ငှားရမ်းစီးနင်းလိုသူ နည်းပါးပြီး အခြားမြင်းလှည်းများ ဝင်ငွေကောင်းနေချိန်တွင် ကျင်းစန်းမှာ ဘိုင်ကျနေတတ်ပေတော့သည်။

* * *

ယနေ့....

ယနေ့သည် ကျင်းစန်းအတွက် ကံကောင်းသော နေ့ဟု ဆိုနိုင်၏။

နံနက်စောစော မြင်းလှည်းထွက်လာသည်နှင့် ငှားရမ်းမည့်သူ ပေါ်လာခြင်း ဖြစ်လေသည်။

'ဟေ့....မြင်းလှည်း လာဦး'

ခေါ်သံထွက်ပေါ်လာသဖြင့် ကျင်းစန်းက လှမ်းကြည့်လိုက်၏။

ထိုအခါ…

အသက်လေးဆယ်ကျော်ခန့် ရှိသူတစ်ယောက်နှင့် အသက်ဆယ့်ရှစ်နှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက်တို့အား တွေ့လိုက်ရ၏။

အသက်ငါးဆယ်ခန့် ရှိသူမှာ လူဝကြီးတစ်ယောက် ဖြစ်လေသည်။

လူဝကြီးက မြင်းလှည်းကို လှမ်းခေါ်လိုက်ခြင်း ဖြစ်ပါသည်။

ကျင်းစန်းက မြင်းလှည်းကို ကျွမ်းကျင်စွာမောင်းနှင်ကာ လူဝကြီးနှင့် မိန်းကလေးတို့ရှေ့တွင် ရပ်တန့်လိုက်လေသည်။

'ကျွန်တော် ဘယ်ကိုလိုက်ပို့ပေးရမလဲ ခင်ဗျာ'

ကျင်းစန်းက ပျူပျူငှာငှာနှင့် မေးလိုက်သည်။

လူဝကြီးက….



'ကျုပ်တို့ ကြာပန်းရေကန်အရှေ့ဘက်က ရှေးဟောင်းဘုံကျောင်းကို သွားမယ်၊ ဘယ်လောက်ပေးရမလဲ'

ဟု မေးလာသည်။

ကြာပန်းရေကန်အနီးရှိ ရှေးဟောင်း ဘုံကျောင်းသည် ထင်ရှားသော်လည်း လမ်းခရီး ခေါင်လွန်းသဖြင့် သွားရောက်သူ နည်းပါးသော နေရာတစ်ခု ဖြစ်လေသည်။

ထိုနေရာသို့ သွားမည်ဆိုလျှင် မြင်းလှည်းသမားများက ဈေးပိုတောင်းလေ့ ရှိကြသည်။

ကျင်းစန်းက….

'ထုံးစံအတိုင်းဆိုရင် ငွေတစ်ရာကျပါတယ်၊ ဒါပေမယ့် အသွားအပြန်ခရီးအတွက် တစ်ခါတည်းသွားမယ်ဆိုရင် တစ်ရာ့ငါးဆယ်နဲ့ လိုက်ပို့ပေးပါမယ်ခင်ဗျာ'

ဟု ပြောလိုက်သည်။

လူဝကြီးက….

'ကောင်းပြီ၊ သွားကြတာပေါ့'

ဈေးမဆစ်ဘဲ သဘောတူလေသည်။

သို့သော်....

'မိန်းကလေးကမူ....

'ဖေဖေ တခြား မြင်းလှည်းကို ငှားပါလား၊ ဒီမြင်းလှည်းက စုတ်ပြတ်နေတာပဲ၊ မြင်းလှည်းသမားကလဲ ကိုယ်လက်အင်္ဂါ မစုံလင်ဘူး၊ သမီးတို့ လိုရာခရီးကိုရောက်အောင် ပို့ပေးနိုင်ပါ့မလား'

ဟု ပြောသာလေသည်။

လူဝကြီးက....

'သမီးရယ်၊ ဒီလိုမြင်းလှည်းမျိုးနဲ့သွားမှ ဖြစ်လိမ့်မယ်ပေါ့၊ ဖေဖေတို့သွားရမယ့်လမ်းက လူပြတ်တယ်၊ ခေါင်တယ်၊ တောက်တောက်ပြောင်ပြောင်နဲ့သွားလို့ တော်ကြာ လူဆိုးဓားပြတွေနဲ့တွေ့မှ ဒုက္ခရောက်နေမယ်'

ဟု ချော့မော့ပြောလေသည်။

သူတို့၏ပြောစကားများအရ သားအဖနှစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

ကျင်းစန်းသည် တစ်ချက်အကဲခတ်ကြည့်လိုက်ရုံဖြင့် အလွန်ချမ်းသာကြွယ်ဝသော သူဌေးများဖြစ်ပြီး တမင်ဝတ်ကောင်း



စားလှမဝတ်ဘဲ သာမန်ခရီးသည်များအသွင် ဝတ်ဆင်ထားခြင်းဖြစ်ကြောင်း ခန့်မှန်းမိလိုက်လေသည်။

ကြာပန်းရေကန်အနီးမှ ရှေးဟောင်းဘုံကျောင်းသို့သွားရောက်လိုကြခြင်းသည် အခြားသော ခရီးသည်များကဲ့သို့ ရှေးဟောင်း အနုပညာလက်ရာများကို သွားရောက်လေ့လာလိုကြခြင်း မဟုတ်ဘဲ လျှို့ဝှက်သော အကြောင်းကိစ္စတစ်ခုကြောင့် ဖြစ်ရမည်ဟုလည်း ဆင်ခြင်မိလိုက်လေသည်။

လူဝကြီးက ရှင်းပြလိုက်သဖြင့် မိန်းကလေးက ဘာမှ မပြောတော့ပါချေ။

လူဝကြီးက....

'ကဲ....သွားမယ်'

ဟု ပြောလာလေသည်။

ကျင်းစန်းက မြင်းလှည်းပေါ်မှဆင်းကာ မြင်းလှည်းအိမ်တံခါး ဖွင့်ပေးလိုက်လေသည်။

လူဝကြီးနှင့် မိန်းကလေးတို့က မြင်းလှည်းပေါ် တက်လိုက်ကြ၏။

ကျင်းစန်းက မြင်းလှည်းတံခါးကို ပြန်ပိတ်လိုက်ပြီး မြင်းလှည်း မောင်းသူနေရာသို့ ခုန်တက်လိုက်သည်။

ထို့နောက်....

'ဟေး....ဟေး'

မြင်းကိုအော်ငေါက်ကာ မြင်းလှည်းကို စတင်မောင်းနှင်လိုက်လေတော့သည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာသည်။

မြင်းအိုကြီးသည် မြင်းလှည်းကိုဆွဲကာ ခြေလှမ်းမှန်မှန်ဖြင့် ပြေးလွှားသွားလေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။



ကျောင်းစန်း၏ မြင်းလှည်းသည် ထိုက်ဝူမြို့ကို ကျောခိုင်းကာ အရှေ့ဘက်သို့ ဦးတည်မောင်းနှင်နေ၏။

ကြာပန်းရေကန်နှင့် နီးကပ်လာလေလေ လမ်းသည် ဆိုးလာလေလေပင်။

မြင်းလှည်းအိမ်မှ အသံမျိုးစုံ ထွက်ပေါ်နေတော့သည်။

မြင်းလှည်းအိမ်ထဲမှ လိုက်ပါလာသော မိန်းကလေး၏ မကျေမနပ်ရေရွတ်သံ ညည်းတွားသံများကိုလည်း ကျောင်းစန်းအတိုင်းသား ကြားနေရတော့သည်။

လူဝကြီးတို့သားအဖအတွက် ကြာပန်းရေကန်အနီးမှ ရှေးဟောင်းဘုံကျောင်းသို့ သွားရသောခရီးသည် ပျော်စရာ ကောင်းသော ခရီးမဟုတ်ကြောင်း ထင်ရှားနေပါသည်။

မကြာပါချေ။

ကြည်လင်စိမ်းလဲ့နေသော ကြာပန်းရေကန်ကြီးကို တွေ့မြင်လိုက်ရလေသည်။

ကြာပန်းရေကန်တွင် နာမည်နှင့်လိုက်အောင်ပင် ရောင်စုံကြာပန်းများ ဖူးပွင့်နေသည်။

ဗျိုင်း၊ တင်ကျီး စသောငှက်များ အုပ်စုဖွဲ့ကာ ကျက်စားနေသည်ကိုလည်း တွေ့ရသည်။

ကျင်းစန်းသည် ကြာပန်းရေကန်သို့ရောက်သည်နှင့်ဝဲဘက်သို့ ချိုးကွေ့လိုက်လေသည်။

ဝဲဘက်တွင် ကျဉ်းမြောင်းသော တောလမ်းလေးတစ်ခု ရှိနေ၏။

တောလမ်းကလေး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် သစ်ပင်ချုံပုတ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

တောလမ်းဖေါ်တွင် ဖြတ်ပြေးသွားသော ယုန်ကလေးများကိုလည်း ရံဖန်ရံခါတွေ့ရသည်။

ကျေးငှက်သာရကာလေးများ၏ ဘာသာဘာဝ သီကြွေးသံများလည်း ကြားနေရသည်။

သို့သော်....

လူသွားလူလာ လုံးဝမရှိဘဲ လူခြေတိတ်ဆိတ်လျက် ရှိနေပေတော့သည်။

ကျင်းစန်းက တောလမ်းအတိုင်း အရှိန်မှန်မှန်ဖြင့် မြင်းလှည်းကို ဆက်၍မောင်းနှင်သွားလေသည်။



သူ၏မြင်းလှည်းကို ယခုထက်ပိုပြီး မြန်ဆန်စေလို၍လည်း ရလိမ့်မည် မဟုတ်ချေ။

မြင်းအိုကြီးသည် ကျောကုန်းပေါက်မြဲအောင် ကျာပွတ်ဖြင့် ရိုက်လျှင်ပင် ထို့ထက်ပိုပြီးပြေးလွှားနိုင်လိမ့်မည် မဟုတ်ချေ။

ထိုမျှမကသေး...

လမ်းဘေးချုံပုတ်များပေါ်မှ သစ်ရွက်အညွန့်အဖူးလေးများကို ခူးစားနေသေး၏။

ကျင်းစန်းက တဟဲ့ဟဲ့နှင့် မောင်းနေရတော့သည်။

'ဘယ်လိုလဲ၊ ဒီကနေ့အဖို့ ရောက်နိုင်ပါဦးမလားရှင့်'

မိန်းကလေး၏ မကျေမနပ် စကားသံကလည်း မကြာခဏ ထွက်ပေါ်လာလေသည်။

ကျင်းစန်းက....

'ရောက်ပါတော့မယ် အစ်မလေး၊ သိပ်မလိုတော့ပါဘူး'

ဟု ပြောရသည့် အကြိမ်ပေါင်းလည်း မနည်းတော့ပေ။

သို့ဖြင့်....

တအိအိခရီးဆက်လာခဲ့ကြရာ နေမွန်းတည့်အချိန်မှ လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေတော့သည်။

* * *

ရွှေးဟောင်းဘုံကျောင်း။

ရှေးဟောင်းဘုံကျောင်းမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က တည်ဆောက်ခဲ့သော ဘုံကျောင်းတစ်ခု ဖြစ်လေသည်။

ဘုံကျောင်းတည်ဆောက်ထားပုံမှာ ရှေးမူလက်ရာများဖြင့် အလွန်လက်ရာမြောက်ပေသည်။

ယခင်က....

ထိုရှေးဟောင်းဘုံကျောင်းသို့ လာရောက် လေ့လာသူများပြားခဲ့၏။



ဘုံကျောင်းသို့ လာရာလမ်းခရီးမှာ ခက်ခဲကြမ်းတမ်းသည့်အပြင် ဒုစရိုက်သမားများက လူပြတ်သည့်နေရာများမှ စောင့်ကာ လုယက်ကြသဖြင့် နောက်ပိုင်းတွင် လာရောက်လည်ပတ်သူ နည်းပါးသွားခြင်းဖြစ်လေသည်။

ယခု....

ကျင်းစန်းတို့ရောက်လာချိန်၌ ရှေးဟောင်းဘုံကျောင်းသို့ လာရောက်လေ့လာသူ၊ လည်ပတ်သူ လူနှစ်ဆယ်ခန့် ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူများသည် ကြီးကျယ်ခန်းနားလှသော ရှေးဟောင်းဘုံကျောင်းကြီးကို လှည့်ပတ်ကြည့်ရှုနေကြ၏။

ကျင်းစန်းက အရိပ်ကောင်းသောသစ်ပင်တစ်ပင်အောက်၌ မြင်းလှည်းကိုရပ်တန့်လိုက်လေသည်။

မြင်းလှည်းပေါ်မှ ကပျာကယာဆင်းကာ မြင်းလှည်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

မိန်းကလေးက....

'ဘယ်လိုမြင်းလှည်းမှန်းကို မသိဘူး၊ တစ်ကိုယ်လုံး တစ်စစီပြုတ်ထွက်သွားတော့မယ်ထင်ရတယ်'

ဟု မှကျောမနပ်ရေရွတ်ကာ ဆင်းလာသည်။

လူဝကြီးကမူအပြာရောင်အဝတ်ထုပ်လေးတစ်ထုပ်ကိုပခုံး၌လွယ်ကာ ဆင်းလာပြီး....

'မင်းက ကျုပ်တို့ ပြန်ရောက်လာတဲ့အထိ စောင့်နေမှာလား'

ဟု မေးလေသည်။

ကျင်းစန်းက....

'ဟုတ်ပါတယ် ခင်ဗျာ'

လူဝကြီးက....

'မင်း စောင့်မနေဘူးဆိုရင်ကော'

ကျင်းစန်းက....

'ကျွန်တော် စောင့်နေမှာပါ'

လူဝကြီးက....

'မဟုတ်သေးဘူး၊ အကြောင်းအမျိုးမျိုးကြောင့် မင်းက မစောင့်နိုင်တော့ဘူး၊ ထွက်သွားမယ်ဆိုရင် ကျုပ်တို့ အပြန်ခရီးအတွက် ခက်လိမ့်မယ်'



ကျင်းစန်း ရယ်မောလိုက်လေသည်။

'ကျွန်တော် ကတိတည်ပါတယ်၊ စောင့်မယ်ဆိုရင် စောင့်နေမှာပါ'

လူဝကြီး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ် မယုံဘူး၊ မင်းကို မြင်းလှည်းခ မပေးခဲ့ဘူး၊ ကျုပ်တို့ ထိုက်ဝူမြို့ကိုပြန်ရောက်မှပေးမယ်၊ ဘယ်လိုလဲ'

ကျင်းစန်း အံ့ဩသွားလေသည်။

သူ၏စိတ်ထဲမှ....

'တော်တော်ကို တစ်ဖက်စီးနင်းနိုင်တဲ့ လူကြီးပါလား၊ သူက ပြန်မလာတော့ဘူးဆိုရင် ငါ့အတွက် မြင်းလှည်းခဆုံးမယ်၊ ဒါကိုတော့ သူလဲထည့်မပြောဘူး'

ဟု တွေးလိုက်မိလေသည်။

သို့သော်....

'ကောင်းပါပြီ၊ ကျွန်တော်စောင့်နေပါ့မယ်၊ ထိုက်ဝူမြို့ကို ပြန်ရောက်မှပေးလို့လဲရပါတယ်'

ဟု ပြောလိုက်သည်။

သူကပင် အလျှော့ပေးလိုက်ခြင်းဖြစ်လေသည်။

'ကောင်းပြီ၊ မင်း ဒီမှာပဲစောင့်နေ၊ ဘယ်မှမသွားနဲ့နော်၊ ကျုပ်တို့ကိစ္စပြီးတာနဲ့ ပြန်လာခဲ့မယ်'

မိန်းကလေးက....

'ဖေဖေ မြန်မြန်လာပါ၊ တော်ကြာ ချိန်းထားတာ လွဲကုန်ဦးမယ်'

'လာပြီသမီး လာပြီ'

လူဝကြီးက ပျာပျာသလဲ ထွက်သွား၏။

သူတို့သားအဖသည် ကျင်းစန်းကို လုံးဝအမှုမထားတော့ဘဲ ရှေးဟောင်းဘုကျောင်းဆီသို့ လှမ်းသွားလိုက်ကြလေတော့သည်။

* * *



ကျန်းစန်းသည် မြင်းလှည်းပေါ်တွင် အသင့်ပါလာသော အရက်အိုးနှင့် စားသောက်ဖွယ်ရာများကိုယူကာ သစ်ပင်ရိပ်အောက်၌ထိုင်ကာ စားသောက်လိုက်လေသည်။

ထို့နောက်....

သစ်ပင်ကိုကျောမှီကာ အိပ်စက်အနားယူလိုက်လေသည်။

လူဝကြီးတို့သားအဖ ပြန်လည်ရောက်ရှိလာလျှင် သူ့အား နှိုးလိမ့်မည်ဖြစ်ရာ စိတ်ချလက်ချပင် အိပ်စက်လိုက်ခြင်းဖြစ်လေသည်။

သူ၏မြင်းအိုကြီးနှင့် မြင်းလှည်းကိုလည်း မပူပင်မိပါ။

ချိကျိုးနားရွက်ပဲ မြင်းလှည်းတစ်စီးကို မည်သူမျှလိုချင်မက်မောကြမည်မဟုတ်သည့်အပြင် မြင်းအိုကြီးသည် အဝေးသို့ ထွက်သွားဖို့နေနေသာသာ - ကျင်းစန်းထက်ပင် အပျင်းကြီးပေတော့သည်။

ကျင်းစန်းသည် စိတ်ချလက်ချအိပ်ရန် ဟန်ပြင်ရုံရှိသေးသည်။

'ကယ်တော်မူကြပါရှင်'

အထိတ်တလန့် အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း မျက်လုံးပြူးသွားသည်။

သစ်ပင်ကို ကျောမှီထိုင်နေရာမှ ကပျာကယာ ခုန်ထလိုက်သည်။

မျက်လုံးပြူး၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်လေသည်။

ထိုအခါ....

ရှေးဟောင်းဘုံကျောင်းသို့ လာရောက် လည်ပတ်ကြသူများသည် ဒရောသောပါး ပြေးလွှားလာကြပြီး သူတို့၏မြင်းလှည်းများပေါ်သို့ အသီးသီးတက်သွားကြသည်။

မြင်းလှည်းသမားများကလည်း သူတို့၏ခရီးသည်စုံသည်နှင့် တစ်ဟုန်ထိုး မောင်းနှင်သွားကြလေသည်။

'ရွှမ်း....ရွှမ်း'

'ဟီး....ဟီး....ဟီး'

'ခွပ်....ခွပ်....ခွပ်....ခွပ်'



ကျာပွတ်ရိုက်သံ၊ မြင်းခေါက်သံ၊ မြင်းဟီသံ၊ မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ တစ်တောလုံး တစ်တောင်လုံး ဟိန်းသွားလေသည်။

ကျင်းစန်း အံ့သြသွားလေသည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

ရုတ်ရုတ်သဲသဲ ဖြစ်သွားသော အခြေအနေကြောင့် လူဝကြီးတို့ သားအဖနှစ်ယောက်အတွက် စိတ်ပူသွားမိသည်။

'သူများတွေက ထွက်ပြေးလာကြတယ်၊ သူတို့က ဘာကြောင့်များ ထွက်မလာသေးတာလဲ'

ကျင်းစန်းသည် ပတ်ဝန်းကျင်တွင် ရှာဖွေကြည့်လိုက်သည်။

လူဝကြီးတို့ သားအဖနှစ်ယောက်၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ရှေးဟောင်းဘုံကျောင်းအနီး ပတ်ဝန်းကျင်တွင် တစ်ခဏအတွင်း လူကောမြင်းလှည်းပါ ရှင်းသွားသည်။

ကျင်းစန်းနှင့် မြင်းလှည်းအိုကြီးတစ်စီးသာ ကျန်ရစ်ခဲ့လေတော့သည်။

ကျင်းစန်း မနေနိုင်တော့ပါ။

‘သူတို့ တစ်ခုခုများ ဖြစ်နေကြသလား’

ဟု တွေးကာ ရှေးဟောင်း ဘုံကျောင်းဆီသို့ လှမ်းသွားလိုက်၏။

ထိုစဉ်....

‘ကယ်တော်မူကြပါရှင်’

ရှေးဟောင်း ဘုံကျောင်းအတွင်းမှ အထိတ်တလန့်အော်ဟစ် အကူအညီတောင်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

ကျင်းစန်း မျက်လုံးပြူးသွားလေသည်။

‘ဒါ လူဝကြီးသမီးရဲ့ အော်သံပဲ’

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ရှေးဟောင်းဘုံကျောင်းထဲသို့ ပြေးဝင်သွားလေတော့သည်။

* * *



ကျင်းစန်းသည် ဘုံကျောင်းအတွင်းသို့ ရောက်ရှိသွားပြီဖြစ်သည်။

ထိုအခါ....

ကြမ်းပြင်ပေါ်တွင် လဲကျနေသော လူဝကြီးနှင့် အထိတ်တလန့် အော်ဟစ်နေသော မိန်းကလေးတို့အား တွေ့လိုက်ရလေသည်။

ကျင်းစန်း မျက်လုံးပြူးသွားသည်။

‘ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ’

ဟု မေးလိုက်လေသည်။

မိန်းကလေးသည် ကျင်းစန်းကိုမြင်လျှင် အားတက်သွားဟန် ရှိသည်။

‘လုပ်ပါဦးရှင်၊ လူဆိုးတစ်ယောက်က ဖေဖေ့ကိုရိုက်နှက်ပြီး ငွေအိတ်လုယူသွားလို့ပါ’

ဟု ပြောလာလေသည်။

ကျင်းစန်းက....

'လူဆိုးက ဘယ်မှာလဲ'

'ဟိုဘက်ကို ပြေးသွားပါတယ်'

မိန်းကလေးသည် ဘုံကျောင်းအနောက်ဘက်သို့ ညွှန်ပြကာ ပြောလေသည်။

ကျင်းစန်းက...

'မင်းရဲ့အဖေကော ဘာဖြစ်သွားသေးသလဲ'

ဟု မေးလိုက်သည်။

မိန်းကလေးက....

'ဖေဖေက မူးဝေသွားတာပါ၊ ကိစ္စမရှိပါဘူး၊ လူဆိုးနောက်ကိုသာ မြန်မြန်လိုက်စမ်းပါ၊ တော်ကြာ ထွက်ပြေးလွတ်မြောက်သွားရင် ကျွန်မတို့ငွေတွေ ဆုံးသွားပါဦးမယ်'

ကျင်းစန်း အံ့သြသွားလေသည်။

'ဘယ်လိုမိန်းကလေးပါလိမ့်၊ ကိုယ့်အဖေထက် ငွေကိုပိုပြီး ဂရုစိုက်နေပါလား'

မည်သို့ဆိုစေ ....



လူဆိုးထွက်ပြေးသွားသည်ဆိုသော ဘုံကျောင်းအနောက်ဘက်သို့ ပြေးထွက်လာခဲ့မိလေတော့သည်။

* * *

ဘုံကျောင်းအနောက်ဘက်တွင် တောအုပ်တစ်ခု ရှိသည်။

ကျင်းစန်းက သူ့ကျောင်း အနောက်ဘက် အပေါက်မှ ထွက်လိုက်သောအခါ လူရိပ်တစ်ခုသည် တောအုပ်ထဲသို့ ပြေးဝင်သွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေသည်။

ကျင်းစန်း ပြုံးလိုက်တည်။

ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ဘုံကျောင်းထဲသို့ ပြေးသွားလိုက်လေသည်။

သူက လှုပ်ရှားလိုက်သောအခါ သမင်တစ်ကောင်ကဲ့သို့ လျင်မြန် သွက်သက်နေလေသည်။

ပျင်းရိသော မြင်းတစ်ကောင်နှင့် မတူတော့ပါ။

ကျင်းစန်းသည် ဘုံကျောင်းဝဲဘက်မှ ကွေ့ပတ် ကာ တောအုပ်ထဲသို့ ဝင်လိုက်လေသည်။

သူ၏အတွေး မှန်ကန်နေသည်ဟု ဆိုရမည် ဖြစ်လေသည်။

တောအုပ်အတွင်းသို့ ဝင်လိုက်သည်နှင့် သူ့ထံသို့ ဦးတည် ပြေးလွှားလာနေသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေ သည်။

ကျင်းစန်းက လမ်းပိတ်ထားလိုက်လေသည်။

ပြေးလာသူသည် ရုတ်တရက် ရှေ့မှ ဘွားခနဲ ပေါ်လာသော ကျင်းစန်းကိုမြင်လျှင် ကြောင်အမ်းအမ်းဖြစ်ကာ ခြေလှမ်းရပ်သွားလေသည်။

သူ၏လက်ထဲ၌ လူဝကြီး၏ အထုပ်ကလေးအား ကိုင်ထား သည်ကို တွေ့ရလေသည်။

ထိုလူမှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိသေးသော လူငယ် တစ်ယောက် ဖြစ်သည်။

ရုပ်ရည်ချောမောပြီး မိန်းကလေးများ နှစ်သက်သဘော ကျတတ်သည့် အသွင်မျိုးဖြစ်သည်။



သို့သော်....

ဘာကိုမှ အလေးအနက်မထားဘဲ ပေါ့ပေါ့တန်တန် နေတတ်သူ တစ်ယောက်လည်း ဖြစ်ပုံရလေသည်။

ကျင်းစန်းက ပြုံးပြလိုက်ပြီး....

'ညီလေး မင်းအရွယ်နဲ့ လူဆိုးဓားပြ လုပ်ဖို့မကောင်းသေး ဘူးကွ'

ဟု ပြောလိုက်လေသည်။

ဤတွင်....

လူငယ်သည် တင်းမာခက်ထန်သော မျက်နှာထားဖြင့် အော်ငေါက်လာလေသည်။

'ဟေ့....အပိုတွေ လာပြောမနေနဲ့၊ မသေချင်ရင် ရှေ့က လမ်းဖယ်လိုက်စမ်း'

သူ၏လက်ထဲ၌ ဓားမြှောင်တစ်လက် ရောက်လာသည်ကို လည်း တွေ့လိုက်ရလေသည်။

ကျင်းစန်း စိတ်ပျက်သွားသည်။

'မင်း ဘာကြောင့် ဒီလောက်တောင် မိုက်မဲချင်ရတာလဲ၊ သူများဆီက လုယက်တိုက်ခိုက်ရင် အပြစ်ပေးခံရလိမ့်မယ်ဆိုတာ မင်း မသိဘူးလား'

လူငယ်က....

'ဟေ့ လူ ဘေးဖယ်လိုက်စမ်း'

ဒေါသတကြီး အော်ငေါက်ကာ ကျောင်းစန်းထံသို့ပြေးဝင်လာပြီး ဓားမြှောင်ဖြင့် ထိုးစိုက်ချလိုက်လေသည်။

ကျောင်းစန်းကဲ့သို့ လက်တစ်ဖက်မရှိသော ဒုက္ခိတ မြင်းလည်း သမား တစ်ယောက်မှာ လူငယ်၏ ကြမ်းတမ်းသော တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်သွားနိုင်ပေသည်။

သို့သော်....

ကျောင်းစန်း၏ လှုပ်ရှားမှုသည် ကျွားသစ်တစ်ကောင်ပမာ လျင်မြန်နေပါတော့သည်။

လူငယ်၏ တိုက်ခိုက်မှုကို အသာအယာ ရှောင်ပေးလိုက်သည်။

တစ်ဖန်....



လူငယ်၏ ဓားကိုင်ထားသော လက်ကို လိမ်ချိုးလိုက်လေသည်။

'အား'

လူငယ် စူးရှစွာ အော်လိုက်လေသည်။

'ဒေါက်'

သူ၏လက်ထဲမှ ဓားမြှောင်လည်း လွတ်ကျသွားလေသည်။

ကျောင်းစန်းက....

'ညီလေး မင်းကိုငါ ဒုက္ခမရောက်စေချင်ဘူး'

ဟု ပြောကာ ငွေအိတ်ကို ဖျတ်ခနဲ ဆွဲယူပြီး လူငယ်ကို တွန်းဖယ်ပစ်လိုက်လေသည်။

လူငယ် ဒယီးဒယိုင် ဖြစ်သွားလေသည်။

နာကျင်သွားသောလက်ကို ပွတ်သပ်ရင်း....

'ခင်ဗျားက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်တာပဲ'

ဟု ပြောလေသည်။

ကျောင်းစန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါက အေးအေးနေမယ်လို့ ဆုံးဖြတ်ထားတာ၊ တစ်ခါတစ်ခါကျတော့လဲ ကိုယ့်မျက်စိရှေ့မှောက်မှာ မတရားတာ လုပ်နေတော့သဲ ဝင်မရှုပ်ဘဲ မနေနိုင်တော့ဘူး'

လူငယ်က....

'ခင်ဗျား ခုလိုဝင်ရှုပ်တဲ့အတွက် တစ်နေ့ နောင်တရလိမ့်မယ်ဗျ'

ဟု ခြိမ်းခြောက်လိုက်လေသည်။

ကျင်းစန်းက အမှုမထားတော့ဘဲ ချာခနဲ လှည့်ကာထွက်လာ၏။

လူငယ်သည် ဝေးရာသို့ ထွက်မသွားဘဲ ကျင်းစန်း နောက်သို့ လိုက်လာလေသည်။

ကျင်းစန်း ခြေလှမ်းရပ်လိုက်သည်။

လူငယ်ကို လှမ်းကြည့်ကာ....

'မင်းက ဘာကြောင့် ငါ့နောက်ကိုလိုက်လာတာလဲ'

ဟု မေးလိုက်လေသည်။

လူငယ်က....



'ကျုပ် ငွေလိုချင်တယ်၊ ကျုပ်အတွက် နစ်နာကြေးလိုချင်တယ်ဗျ'

'နစ်နာကြေး'

'ဟုတ်တယ်'

ကျင်းစန်း စိတ်ဝင်စားသွားလေသည်။

'မင်းက ဘာတွေများ နစ်နာခဲ့လို့လဲ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။

လူငယ်က....

'သူဌေးသမီး လင်းလင်းက ကျုပ်ကို ဒုက္ခပေးခဲ့လို့ပေါ့ဗျ'

ကျင်းစန်းက....

'သူဌေးသမီး လင်းလင်းဆိုတာ ဟိုလူဝကြီးရဲ့ သမီးကို ပြောတာလား'

'ဟုတ်တယ်၊ လူဝကြီးက သူဌေးကြီးလင်းဟူပေါ့'

'ဩော်....'

ကျင်းစန်းသည် သူဌေးကြီးလင်းဟူကို သူ၏မြင်းလှည်းကို ငှားရမ်းသူအဖြစ်ထက် ပိုပြီးမသိချေ။

လူငယ်က....

'ကျုပ်နဲ့ သူဌေးသမီး လင်းလင်းတို့ မေတ္တာမျှနေကြတာပါဗျ၊ ဒါပေမယ့် သူဌေးကြီးလင်းဟူက သဘောမတူဘူး၊ သူ့သမီးကို အဆင့်အတန်းတူတဲ့ သူဌေးသားတစ်ယောက်နဲ့ ပေးစားဖို့စီစဉ်နေတယ်'

ကျင်းစန်းက....

'ဒါတော့ မိဘပဲကွာ၊ သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်တာ သဘာဝပေါ့ မဟုတ်လား'

လူငယ်က....

'သူဌေးသမီး လင်းလင်းကလဲ ကျုပ်ကို ဂရုမစိုက်တော့ဘူး၊ ဒါကြောင့် ကျုပ်တို့ပတ်သက်ခဲ့တုန်းက ပေးထားတဲ့ စာတွေကို သတို့သားလက်ထဲ ထည့်လိုက်မယ်လို့ ကျုပ်က ခြိမ်းခြောက်ခဲ့တာပေါ့'

ကျင်းစန်းက သက်ပြင်းချလိုက်လေသည်။

လူငယ်က....



'ကျုပ်ကတော့ မစားရဝခံအမဲ သဲနဲ့ပက်ရမှ ကျေနပ်မှာပဲ၊ ဒါကို သူတို့က စာတွေကိုပြန်ပေးပါ ငွေတစ်သောင်းပေးပါ့မယ်လို့ ကမ်းလှမ်းလာတယ်လေ၊ ရွှေဟောင်း ဘုကျောင်းမှာ သူတို့တွေ့ကြဖို့ ချိန်းလိုက်တာပေါ့'

ကျင်းစန်းသည် မမျှော်လင့်ဘဲရှုပ်ထွေးသော ကိစ္စတစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

လူဝကြီးက သူ၏မြင်းလှည်းကို ငှားရမ်းစဉ်က ထူးခြားမှုတစ်စုံတစ်ခု ရှိမည်ဟူသော အတွေးမှာလည်း မှန်ကန်သွားလေသည်။

လူငယ်က....

'ကျုပ်က စာတွေပြန်ပေးလိုက်တယ်၊ သူတို့က ငွေမပေးဘဲ လူဆိုးဓားပြပါလို့အော်တာနဲ့ ကျုပ်ကရိုက်နှက်ပြီး လုယူခဲ့တာပေါ့'

ဟု ပြောလေသည်။

ကျင်းစန်းက....

'မင်းပြောတာ အမှန်ပဲနော်'

လူငယ်က....

'ကျုပ် ဘာဖြစ်လို့ လိမ်ပြောရမှာလဲဗျ'

ကျင်းစန်းက....

'ကောင်းပြီ၊ မင်းက ငွေရပြီးပြီဆိုရင်ကော သူတို့ကို ဆက်ပြီး နှောင့်ယှက်ဦးမှာလား'

လူငယ်က....

'ဝေးပါသေးတယ်ဗျာ၊ ကျုပ်က သူတို့နဲ့ဝေးရာကိုသွားချင်နေတာကြာပြီ လက်ထဲငွေမရှိလို့'

ကျင်းစန်း ပြုံးလိုက်သည်။

'ဒါဖြင့် မင်းဝေးဝေးသာသွားပေတော့'

ဟု ပြောကာ လက်ထဲမှငွေအိတ်ကို ပစ်ပေးလိုက်လေသည်။

'ဟင်'

လူငယ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ငွေထုပ်ကိုဖမ်းယူကာ ကျင်းစန်းကို မယုံကြည်နိုင်စွာ ကြည့်နေ၏။



ကျင်းစန်းသည် လူငယ်ကို ဂရုမစိုက်တော့ဘဲ ကျောခိုင်းကာ ထွက်သွားလေတော့သည်။

* * *

လူဝကြီး (ဝါ)သူဌေးကြီးလင်းဟူသည် ပြန်လည် သတိရနေပြီ ဖြစ်သည်။

ကျင်းစန်း ရောက်သွားသောအခါ သူတို့သားအဖ နှစ်ယောက်သည် ဟု ကျောင်းရှေ့သို့ ထွက်လာကြပြီ ဖြစ်လေသည်။

ကျင်းစန်းကို တွေ့လျှင်....

'လူဆိုးကို တွေ့ခဲ့ရဲ့လားရှင်'

မိန်းကလေး (ဝါ)သူဌေးသမီး လင်းလင်းက လှမ်းမေးလာလေသည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

'မတွေ့ဘူး၊ ထွက်ပြေးသွားပြီ'

ဟု လိမ်ပြောလိုက်လေသည်။

လင်းလင်း မကျေမနပ်ဖြစ်သွားပြီး....

'ရှင် တော်တော်အသုံးမကျတာပဲ၊ ဘာမဟုတ်တဲ့ လူဆိုးလေး တစ်ယောက်ကိုတောင် မိအောင်မဖမ်းနိုင်ဘူးလား'

ဟု ပြစ်တင်ပြောဆိုလိုက်လေသည်။

ကျင်းစန်း ပခုံးတွန့်လိုက်သည်။

'ဒါဖြင့် မင်းက ဘာကြောင့် လိုက်မဖမ်းတာလဲ'

ဟု ပြန်ပြောလိုက်လျှင် လင်းလင်း ပါးစပ်ပိတ်သွားလေတော့သည်။

သူဌေးကြီးလင်းဟူက....

'ခက်တာပဲ၊ ကျုပ်ငွေတွေပါသွားပြီ၊ မြင်းလှည်းခတောင် ပေးစရာမရှိတော့ဘူး'

ထိုစကားကြားလျှင် ချမ်းသာကြွယ်ဝသူ ဖြစ်ပါလျက် အလွန်စေးနှဲပြီး မြင်းလှည်းခပင် မပေးလိုသူဖြစ်ကြောင်း ကျင်းစန်း သဘောပေါက်လိုက်လေသည်။



သူဌေးကြီး လင်းဟူက....

'ကျုပ်တို့ကို ထိုက်ဝူမြို့ကိုသာ ပြန်ပို့ပေးပါတော့'

ဟု ပြောလာလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

'ကောင်းပြီ၊ မြင်းလှည်းပေါ် တက်ကြပါ'

သူက သူဌေးကြီးလင်းဟူတို့သားအဖအား မြင်းလှည်းခ တစ်ပြားတစ်ချပ်မှမရဘဲ ထိုက်ဝူမြို့သို့ ပြန်လည်ပို့ဆောင်ပေးလိုက်ရလေတော့သည်။

* * *

**သတင်းဆိုး**

---

ယနေ့....

ယနေ့ ကျင်းစန်းသည် နေမြင့်မှ အိပ်ရာထလေသည်။

ထို့ကြောင့်....

မြင်းလှည်းထွက်လာသောအခါ ထိုက်ဝူတစ်မြို့လုံး စည်ကားနေပြီး အခြားသော မြင်းလှည်းသမားများပင် သုံးလေးခေါက်မျှ သယ်ယူပို့ဆောင်ပေးပြီး ဖြစ်နေလေသည်။

ကျင်းစန်းက မြို့လယ်ပိုင်းသို့ ထွက်လာခဲ့သည်။

မြင်းလှည်းကို မြို့လယ်ဈေးအနီးရှိ မြေကွက်လပ်တွင် ရပ်တန့်ကာ ခရီးသည် စောင့်မျှော်နေလိုက်မိသည်။

ထိုစဉ်....

ကျင်းစန်း၏မိတ်ဆွေဖြစ်သော ရှောင်ဖုံးဆိုသည့် မြင်းလှည်းသမားရောက်ရှိလာပြီး....

'ကျင်းစန်းရေ သတင်းကြားပြီးပြီလားဟေ့'

ဟု မေးလာလေသည်။

ကျင်းစန်းက....

'ဘာသတင်းများလဲဗျ'

ရှောင်ဖုံးက....

'မြို့အရှေ့ပိုင်းက ထိပ်တန်းတည်းခိုခန်းကို မင်း သိတယ်မဟုတ်လား'

'သိတာပေါ့ဗျာ၊ သူဌေးသူကြွယ်တွေ၊ ကြေးရတတ်တွေတည်းခိုနိုင်တဲ့ ထိပ်တန်းတည်းခိုခန်းပဲ မဟုတ်လား'

'အေး....အဲဒီတည်းခိုခန်းမှာ တည်းနေတဲ့ သူဌေးကြီးလင်းဟူဟာ မနေ့ညက အသတ်ခံလိုက်ရတယ်ဗျ'

'ဟာ'



ကျင်းစန်း လွှတ်ခနဲ အော်လိုက်မိလေသည်။

သူဌေးကြီးလင်းဟူအား သူကောင်းကောင်းကြီး သိနေသည်မဟုတ်ပါလား။

ရှောင်ဖုံးက....

'ဒါတင်မကသေးဘူး၊ သူဌေးသမီးလင်းလင်းလဲ ပြန်ပေးဆွဲခံလိုက်ရတယ်၊ မင်းမှုထမ်းတွေတော့ ခြေကျင်းလိုက်နေတာပဲ၊ အမှုနဲ့သက်ဆိုင်တဲ့လူတွေကို လိုက်ပြီး စစ်ဆေးမေးမြန်းနေကြတယ်၊ မသင်္ကာတဲ့လူတွေကို ဖမ်းဆီးနေကြတယ်၊ တို့မြို့မှာ ဒီလိုအဖြစ်မျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးဘူးမဟုတ်လား၊ မြို့တော်ဝန်လဲ အတော်ကို ဒေါသူနေတယ်၊ တရားခံကို အမြန်ဆုံး ဖော်ထုတ်ရမယ်လို့ အမိန့်ထုတ်ထားထယ်ကွ'

ကျင်းစန်း၏မျက်လုံးထဲ၌ အကျပ်ကိုင်ငွေတောင်းခဲ့သည့် လူငယ်ကို မြင်ယောင်လာလေသည်။

ထိုလူငယ်၏လက်ချက်ပင်ဖြစ်နေသလား။

ရှောင်ဖုံးက....

'ကျင်းစန်း ငါ့ပြောတာ ကြားမှကြားရဲ့လား၊ မင်းဘာငိုင်နေတာလဲကွ'

ဟု ပြောလာမှ ကျင်းစန်း သတိဝင်လာလေသည်။

'ဘာကြောင့်များ ဒီလို မကောင်းတဲ့ကိစ္စတွေ လုပ်ရသလဲဆိုတာ ကျုပ် စဉ်းစားနေတာပါ'

ရှောင်ဖုံးက....

'ကောင်းတာမကောင်းတာ အသာထား၊ ငါတို့ မြင်းလှည်းတွေဘက်ကို မြားဦးလှည့်လာမှာ စိုးရိမ်ရတယ်ကွ'

ကျင်းစန်းက....

'ဘာဖြစ်လို့လဲ'

ရှောင်ဖုံးက....

'ဘာဖြစ်ရမလဲ၊ မနေ့က သူဌေးကြီးလင်းဟူဖာ မြင်းလှည်းငှားပြီး ရှေးဟောင်းဘုံကျောင်းကို သွားရောက်လည်ပတ်တယ်လို့ ပြောနေကြတယ်၊ အာဏာသားတွေက မြင်းလှည်းကို လိုက်ရှာနေကြတယ်'

ကျင်းစန်းက....

'ဘာဆိုင်လို့လဲဗျ'

ရှောင်ဖုံးက....

'ဆိုင်တာ မဆိုင်တာတော့ မသိဘူး၊ အမှုနဲ့ ဆက်စပ်နေသူအားလုံးကို လိုက်ပြီး စစ်ဆေးမေးမြန်းနေတာပဲ'



ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

အလိုလိုနေရင်း သူ့အပေါ် အမှုပတ်လာနိုင်သည်ဟုတွေးမိလိုက်၏။

ရှောင်ဖုံးက....

'ကျင်းစန်း မင်းကိုကြည့်ရတာ ငေးငိုင်နေပါလား၊ ဘာဖြစ်လို့လဲကွ၊ ပြောစမ်းပါဦး'

ကျင်းစန်းက...,

'ဘာမှမဖြစ်ပါဘူးဗျာ'

ထိုစဉ်....

မြင်းလှည်းငှားသူတစ်ယောက် ရောက်လာသဖြင့် ရှောင်ဖုံးက ကျင်းစန်းကိုပင် နှုတ်မဆက်အားတော့ဘဲ ထွက်သွားလေတော့သည်။

မြင်းလှည်းဖြင့်ခရီးသွားမည့်သူများသည် မြင်းလှည်းများလာရောက်ငှားရမ်းကြသော်လည်း ကျင်းစန်း၏မြင်းလှည်းကိုမူ ငှားရမ်းမည့်သူမရှိပေ။

ကျင်းစန်းလည်း မြင်းလှည်းပေါ်တွင် အေးအေးဆေးဆေး ထိုင်ကာမျဉ်းနေလိုက်လေသည်။

သို့သော်....

နေမွန်းတည့်ချိန်တွင် ပြဿနာတစ်ရပ် ပေါ်ပေါက်လာလေသည်။

'ဟော့....မြင်းလှည်းသမား ထစမ်း'

ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ကျင်းစန်း လန့်နိုးလာသည်။

မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ အာဏာသား သုံးယောက် ရောက်ရှိလာကြသည့်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းစန်းသည် မြင်းလှည်းပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်၏။

အာဏာသားများအား ဦးညွတ် ဂါရဝပြုလိုက်လေသည်။

တစ်ဖန်....

'ဆရာတို့ မြင်းလှည်းငှားကြမလို့လားဗျာ'

ဟု မေးလိုက်လေသည်။



အာဏာသားသုံးယောက်မှာ ပုတင်း၊ ပုကျောက်နှင့် ပုလှီဆိုသောညီအစ်ကိုများ ဖြစ်ကြလေသည်။

မြို့ဝန်မင်း၏ အားထားရသော လက်ရုံးများလည်း ဖြစ်ကြသည်။

ထိုက်ဝူမြို့နှင့်ပတ်ဝန်းကျင် ကျေးရွာများတွင် ပုတင်းတို့ညီအစ်ကိုသုံးယောက်ဆိုသည်နှင့် လူဆိုးခေါးပြများ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားတတ်ကြလေသည်။

ပုတင်းက နှာခေါင်းရှုံ့လိုက်သည်။

'ထွီ....မင်းရဲ့မြင်းလှည်းစုတ်ကို ဘာလုပ်ဖို့လဲ'

ကျင်းစန်းက....

'ဒါဖြင့် ဘာကိစ္စများလဲဆိုတာ အမိန့်ရှိပါဗျာ'

ပုတင်းက....

'မင်းကို စစ်ဆေးမေးမြန်းစရာရှိတယ်၊ ငါတို့နဲ့ လိုက်ခဲ့ရလိမ့်မယ်'

'ဗျာ'

'အူကြောင်ကြောင်လုပ်မနေနဲ့၊ ခုချက်ချင်း လိုက်ခဲ့စမ်း'

ပုကျောက်က အောင်ခေါက်ကာ ကျင်းစန်း၏လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်လေသည်။

ကျင်းစန်းက....

'ကျုပ်....ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျာ'

ပုလီက....

'စကားမရှည်နဲ့၊ အေးအေးဆေးဆေး လိုက်ခဲ့'

ဟု ပြောကာ ကျင်းစန်း၏ဇက်ပိုးကို ဖြောင်းခနဲမြည်အောင် ရိုက်လိုက်လေသည်။

ကျင်းစန်း၏ခန္ဓာကိုယ် ယိမ်းယိုင်သွားလေသည်။

ထို့နောက်...

ပုတာင်းတို့ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

* * *



မြို့စားဂေဟာ။

ပုတာင်းတို့သည် ကျင်းစန်းအား မြို့စားဂေဟာသို့ ခေါ်ဆောင်သွားလေသည်။

ထို့နောက်....

သီးသန့်အခန်းတစ်ခုတွင် စစ်ဆေး မေးမြန်းကြလေသည်။

ပုတာင်းက....

'မင်းနာမည် ပြော'

ကျင်းစန်းက....

'ကျင်းစန်းပါ'

ပုတာင်းက....

'မင်းအလုပ်အကိုင်က မြင်းလှည်းမောင်းတာနော်'

'ဟုတ်ပါတယ်'

'ကောင်းပြီ၊ မင်းက သူဌေးကြီးလင်းဟူကို မနေ့ကရှေးဟောင်းဘုကျောင်းကို လိုက်ပို့တယ် မဟုတ်လား'

ကျော်စန်း သက်ပြင်းချလိုက်သည်။

သူထင်သည့်အတိုင်း အမှုပတ်လာပြီ ဖြစ်လေသည်။

ပုတင်းက....

'ဟေ့ ကောင်...မေးနေတာ ဖြေစမ်း'

ဟု ငေါက်ကာ လက်ရွယ်လိုက်လေသည်။

ကျော်စန်းက....

'ဟုတ်ပါတယ်ဗျာ'

ပုတင်း ကျေနပ်သွားသည်။

'ကောင်းပြီ၊ သူဟာ သူဌေးကြီးတစ်ယောက်ဖြစ်တယ်ဆိုတာသိလို့ မင်းက လူဆိုးဓားပြတွေကို လက်ထောက်ချပြီး လုယက်ဖို့ ကြံစည်ခဲ့တာ မဟုတ်လား'

'ဟာ...မဟုတ်ပါဘူးဗျာ'

ကျော်စန်းက ငြင်းဆန်လိုက်လေသည်။

ပုတင်းက....

'ဟေ့ ကောင်....မှန်မှန်ပြော'



'ကျုပ်က အမှန်အတိုင်း ပြောနေတာပါဗျာ'

'ဒါဖြင့် မင်းက သူတို့ကို ရွှေဟောင်း ဘုံကျောင်းကို လိုက်ပို့ခဲ့ပြီး ဘာတွေဖြစ်ခဲ့သလဲဆိုတာ ပြောစမ်း၊ လိမ်မယ် မကြံနဲ့နော်၊ မနေ့က ရွှေဟောင်းဘုံကျောင်းကို သွားတဲ့ လူတွေကို ငါတို့ စုံစမ်းမေးမြန်းပြီးပြီ၊ အဲဒီမှာ လူဆိုးဓားပြတွေရဲ့ လုယက်မှု တစ်ခုဖြစ်သွားခဲ့တယ်လို့ သတင်းရထားပြီးပြီကွ'

ကျော်စန်း မတတ်သာဘဲ အမှန်အတိုင်း ပြောပြလိုက်ရလေသည်။

သူဌေးကြီးလင်းဟူနှင့် သမီးလင်းလင်းတို့သည် လင်းလင်း၏ချစ်သူ လူငယ်နှင့် တိတ်တဆိတ်ချိန်းတွေ့ကြပုံကို လူငယ်ထံမှ လင်းလင်းပေးခဲ့သော မေတ္တာစာအား ငွေဖြင့်လဲယူရန် စီစဉ်ခဲ့ပုံ၊ နောက်ပိုင်း ပြဿနာပေါ်ပေါက်လာခဲ့ပုံ၊ လူငယ်ထွက်ပြေးသွားပုံများကို ပြောပြလိုက်၏။

သူက ထိုလူငယ်အား လိုက်လံဖမ်းဆီးခဲ့ပုံကိုမူ မပြောဘဲ ချန်လှပ်ထားခဲ့လေသည်။

ပုတင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ပုလိက....

'ကဲ....ခုတော့ တရားခံပေါ်ပြီ မဟုတ်လား'

ဟု ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ပုတင်းနှင့် ပုကျောက်တို့ ခေါင်းညိတ်လိုက်ကြသည်။

ပုံကျောက်က....

'ဟိုကောင်လေးက သူဌေးကြီးလင်းဟူကို မကျေနပ်တာနဲ့ လုပ်ကြံသတ်ဖြတ်လိုက်ပြီး သူ့ချစ်သူ သူဌေးသမီးကို ခေါ်သွားတာပဲ ဖြစ်မယ်'

ပုတင်းက....

'ဒါ့အမှန်ပဲပေါ့၊ ဒီကောင်လေးကလွဲပြီး ဘယ်သူဖြစ်ရဦးမှာလဲ'

သူတို့ ကျေနပ်နေကြသည်။

ပုတင်းက ကျင်းစန်းဘက်သို့လှည့်ကာ....

'ကဲ....အဲဒီကောင်လေး ဘယ်မှာလဲ ပြောစမ်း'

ဟု မေးလာလေသည်။

'ဗျာ'



ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ပုတင်းက မျက်နှာထား တင်းတင်းဖြင့်....

'လူသတ်တရားခံကောင်လေး ဘယ်မှာလဲ့ ပြောစမ်း'

ကျင်းစန်းက....

'ကျုပ် ဘယ်သိမလဲဗျ'

'ဟေ့ကောင်၊ မင်း အသားနာချင်ပြီ ထင်တယ်'

'ကျုပ်မှ မသိတာ'

'မင်း သိကိုသိရမယ်'

ကျင်းစန်းက ဒေါ်ပွလာသလို အော်လိုက်လေသည်။

ပုတင်းက....

'ကဲ....မသိဦးကွာ'

ဟု ဝေါက်ကာ ထိုးကြိတ်လိုက်လေသည်။

ပုကျောက်နှင့် ပုလီတို့ကလည်း ဝိုင်းဝန်းထိုးကြိတ်လိုက်ကြလေသည်။

'ဖုန်း... ခွပ်'

'အား'

ကျင်းစန်း၏ မျက်နှာတစ်ခုလုံး တစ်ခဏအတွင်းမှာပင် ညိုမည်းဖူးရောင် သွားလေတော့သည်။

ပုတင်းက....

'ဘယ်မှာလဲ ပြောစမ်း'

'ကျုပ် မသိဘူး'

'မင်း ခုထိ ဝန်မခံသေးဘူးလား'

'ကျုပ်မှ မသိတာ'

'ဟေ့ကောင် ပြောစမ်း'

'ကျုပ် မသိဘူး'

'ကဲကွာ...ကဲကွာ'

ပုတင်းတို့ ညီအစ်ကို သုံးယောက်သည် ကျင်းစန်းအား စိတ်ရှိလက်ရှိ ထိုးကြိတ် ကန်ကျောက်လိုက်ကြပြန်လေသည်။



ကျင်းစန်းမှာ မသိဘူးဟုသာ ပြောနေပြီး မခံနိုင်တော့သည့် နောက်ဆုံး သတိလစ် မေ့မြောသွားလေတော့သည်။

* * *

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ကျင်းစန်း သတိရလာသောအခါ၊ သံတိုင်များဖြင့် အခိုင်အခံ့ ကာရံထားသော အချုပ်ခန်းတစ်ခုအတွင်း၌ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အချုပ်ခန်းအတွင်းရှိ အေးစက်နေသော သမံတလင်း ပြင်ပေါ်၌ လဲလျောင်းနေရခြင်း ဖြစ်လေသည်။

သူ၏တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။

ပုတင်းတို့ ညီအစ်ကိုသုံးယောက်က နှိပ်စက်ခဲ့ကြသည်ကို ပြန်လည် သတိရမိလိုက်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

'တော်တော်ခက်တဲ့လူတွေပါလား၊ တကယ့်တရားခံအစစ်ကို ရှာဖွေနိုင်တဲ့ အရည်အချင်းမရှိဘဲ တွေ့တဲ့လူကို တရားခံ ထင်နေကြပါလား'

ဟု ညည်းတွားလိုက်လေသည်။

ထို့နောက်....

သမံတလင်းပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်ကာ လက်တစ်ဖက်ကို ပေါင်ပေါ်တင်ပြီး မျက်လုံးမှိတ်ထားလိုက်သည်။

အသက်ကို မှန်မှန်ရှူရှိုက်နေလိုက်လေသည်။

အချိန်အတန်ကြာသောအခါ သူ၏ တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ဖြစ်လာပြီး ကိုက်ခဲနာကျင်နေသော ဝေဒနာများ သက်သာပျောက်ကင်းသွားသည်ဟု ခံစားလိုက်ရလေသည်။

ကျင်းစန်းက မျက်လုံးဖွင့်လိုက်သည်။

ထိုစဉ်....

'မင်းက သိုင်းသမားတစ်ယောက်ကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



'ဟင်'

ကျင်းစန်း ရင်ထိတ်သွားလေသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့ ကပျာကယာ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

သူ့အား ချုပ်နှောင်ထားသည့် အချုပ်ခန်းနှင့်ကပ်လျက်ရှိသော အချုပ်ခန်းတွင် လူငါးယောက် ရှိနေကြသည်ကို တွေ့ရလေသည်။

ထိုလူငါးယောက်အနက် အသက်အကြီးဆုံး ဖြပ်သော အဘိုးအိုက လှမ်းပြောလာခြင်း ဖြစ်လေသည်။

ကျင်းစန်းက....

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် အဖမ်းခံနေကြရတာလဲဗျာ'

ဟု မေးလိုက်လေသည်။

အဘိုးအိုက....

'ကျုပ်တို့က အခွန်တော် မပေးဆောင်နိုင်လို့ အဖမ်းခံနေရတာပေါ့ကွာ'

ဟု ပြောလိုက်လေသည်။

'ဩော်....'

ပုတင်းတို့ ညီအစ်ကို သုံးယောက်သည် မြို့စားကြီးက ယုံကြည်စိတ်ချသည်ကို အခွင့်ကောင်းယူကာ ထင်ရာစိုင်းနေကြပြီဟု နားလည်လိုက်လေသည်။

အဘိုးအိုက....

'မင်းက လူသတ် ဓားပြတိုက်ခဲ့တယ် မဟုတ်လား'

ဟု မေးလာလေသည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ'

အဘိုးအိုက....

'မင်းကသာ မဟုတ်ဘူးလို့ ပြောနေတယ်၊ ပုတင်းတို့က တော့ လူသတ် ဓားပြတိုက်ခဲ့တဲ့ တရားခံနဲ့အတူ မင်းကကြံရာပါ ဖြစ်တယ်လို့ ပြောနေပါလား'



'မဟုတ်တာဗျာ'

'မင်းကို မကြာခင် အဖြစ်ပေးလိမ့်မယ်ကွ'

ကျင်းစန်း မကျေမနပ် ဖြစ်သွားလေသည်။

'ဒါတော့ တမင်မှတရားလုပ်တာပဲ'

ထိုစဉ်....

'ဟေ့....ဘာတွေဆူဆူညံညံ ဖြစ်နေတာလဲ'

ကျယ်လောင်သော အော်ငေါက်သံ ဟိန်းထွက်လာလေသည်။

ကျင်းစန်း လှမ်းကြည့်လိုက်သောအခါ ပုတင်းတို့ လှမ်းဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုက ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းစန်းက မခံကျေမနပ်ဖြင့်....

'ဟေ့ လူတွေ၊ ကျုပ်က တရားခံမဟုတ်ဘူးဗျ'

ဟု အော်ပြောလိုက်လေသည်။

ပုတင်းတို့ ဂရုမစိုက်ကြချေ။

'ဟေ့ကောင်၊ မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ဟု အော်ငေါက်ကာ တံခါးဖွင့်ပြီး အချုပ်ခန်းအတွင်းသို့ ဝင်လာကြလေသည်။

ထို့နောက်....

ကျင်းစန်းကို အဓမ္မ ဆွဲခေါ်သွားကြလေတော့သည်။

*　*　*

## သားကောင်

မြို့လယ်ဈေးရှေ့။

မြို့လယ်ဈေးရှေ့တွင် သစ်သားများဖြင့် ယာယီစင်မြင့် တစ်ခုဆောက်လုပ်ထားလေသည်။

ထိုစင်မြင့်ပေါ်တွင် ထုပ်တန်းကဲ့သို့ တန်းတစ်ချောင်းရှိပြီး ကြိုးကွင်းတစ်ခု တွဲလောင်းချထားသည်။

လေငြိမ့်ယမ်း တိုက်ခတ်လာသောအခါ ကြိုးကွင်းမှာ လေထဲ ဒါန်းလွဲနေတော့သည်။

မြို့သူမြို့သားများတို့သည် စင်မြင့်ရှေ့၌ စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။

မကြာပါချေ။

'ဒူ....'

မောင်းသံတစ်ချက် ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် မင်းမှုထမ်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် ပုတင်းက စင်မြင့်ပေါ်သို့တက်လာ၏။

သူ၏လက်ထဲတွင် အမိန့်စာချွန်လွှာတစ်ခုကို လိပ်၍ကိုင်ထားလေသည်။

ပုတင်းသည် စင်မြင့်ပေါ်မှနေပြီး ပရိသတ်ကြီးကို ဖွေ့ကြည့်လိုက်ပြီး....

'အဟမ်း....အားလုံး နားထောင်ကြပါ'

ကျယ်လောင်သောအသံဖြင့် ပြောလိုက်လေသည်။

ဆူဆူညံညံဖြစ်နေသော ပရိသတ်ကြီး ငြိမ်ကျသွား၏။

ပုတင်းပြောလာမည့် စကားကို နားစွင့်နေလိုက်ကြလေသည်။

ပုတင်းက လက်ထဲကိုင်ထားသော စာချွန်လွှာကိုဖြန့်ကာ ဖတ်လိုက်လေသည်။



'အများသိစေရန်

ထိုက်ဝူမြို့ ထိပ်တန်း တည်းခိုခန်း၌ ဖြစ်ပွားခဲ့သော လူသတ် ပြန်ပေးဆွဲမှုကြီးတွင် မြင်းလှည်းသမား ကျင်းစန်းသည် ကြံရာပါအဖြစ် ပါဝင်ခဲ့သဖြင့် သေဒဏ်စီရင်ရန် အမိန့်ချလိုက်သည်။

ပုံ
ထိုက်ဝူမြို့စားကြီး။

သူ၏စကားသံ အဆုံးတွင် ပရိသတ်များ လှုပ်လှုပ်ရှရှဖြစ်သွားကြလေသည်။

'ကျင်းစန်းက လူကောင်းပါ'

'ဟုတ်တယ်ဗျ၊ သူ့လောက်ရိုးအတဲ့လူ မရှိဘူး'

'လူတစ်ဖက်သားကိုလဲ ကူညီတတ်တယ်'

'မြင်းလှည်းအိုကြီးကိုမောင်းတဲ့ လက်တစ်ဖက်ပြတ် ဒုက္ခိတက ဘယ်လိုလုပ် လူသတ်ပြန်ပေးဆွဲတဲ့လူ ဖြစ်နိုင်မှာလဲ'

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ရေရွတ်ပြောဆိုသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုသို့ ဝေဖန်လိုက်ကြသူများမှာ မြင်းလှည်းသမားအများစု ဖြစ်ကြပေတော့သည်။

ထိုအချိန်တွင်....

အဖြူရောင်ဝတ်ဆင်ထားသော အသက် သုံးဆယ်ကျော် လေးဆယ်နီးပါးရှိသူ တစ်ယောက်သည် စင်မြင့်နှင့်မလှမ်း မကမ်းသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် ဥပဓိရုပ်ကောင်းပြီး ခါး၌ဓားတစ်လက်ချိတ် ဆွဲထားသဖြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း ထင် ရှားနေသည်။

ပုတင်း၏ ကြေညာချက်ကို စိတ်ဝင်စားစွာနားထောင် နေလိုက်ပြီးမှ အနီးရှိလူမေးသမျှကို အနီးရှိမြို့ခံလူက အကျိုး အကြောင်း ရှင်းလင်း ပြောကြားလေသည်။

ထို့ အပြင်....

'ထိုက်ဝူမြို့မှာ ဒီလိုမှုခင်း ကြီးကြီးမားမား ဖြစ်ခဲ့ဖူးတာ မဟုတ်တော့ ပုတင်းတို့က ကျင်းစန်းအပေါ် အပြစ်ပုံချပြီး သူတို့သိက္ခာ မကျရလေအောင် လုပ်လိုက်တာပဲ ဖြစ်မယ်ဗျ'

ဟုလည်း ထင်မြင်ချက် ပေးလိုက်သေး၏။

အဖြူရောင်ဝတ်ထားသူက ဦးခေါင်းတဆတ်ဆတ် ညိတ် လိုက်၏။



ထိုစဉ်....

'ဟော့....ကျင်းစန်းကို ခေါ်ခဲ့'

ပုတင်း၏ အမိန့်ပေးသံ ထွက်ပေါ်လာသည်။

အာဏာသားများသည် ကျင်းစန်းကို တွန်းထိုးခေါ် ဆောင်လာကြသည်။

မကြာပါချေ။

ကျင်းစန်းသည် စင်မြင့်ပေါ်မှ တွဲလောင်းကျနေသော ကြိုးကွင်းအောက် တည့်တည့်၌ရောက်ရှိသွားလေသည်။

ကျင်းစန်းအား လက်ပြန်ကြိုးတုပ်ထားပြီး ပုကျောက် နှင့် ပုလီတို့က ဝဲယာ တစ်ဖက်တစ်ချက်မှ ညှပ်ကာ ရပ်နေ လိုက်၏။

ပုတင်းက...

'အားလုံး ကြည့်ထားကြပါ၊ ကျုပ်တို့ ထိုက်ဝူမြို့မှာ ဒုစရိုက်မှုကျူးလွန်ရင် ထိုက်ထိုက်တန်တန် အပြစ်ပေးခံရ မှာပဲ၊ ကဲ...ကျင်းစန်းကို ကွပ်မျက်လိုက်တော့ဟေ့'

ဟု ကြေညာကာ အမိန့်ပေးလိုက်လေသည်။

ပုကျောက်က ကျင်းစန်း၏လည်ပင်း၌ ကြိုးကွင်းစွပ်လိုက်သည်။

ပုလီက ကျင်းစန်းအား အပြီးတိုင်သုတ်သင်ရန် ကြိုးစင်၏ ဒေါက်ကိုဖြုတ်ရန် ဟန်ပြင်လိုက်လေတော့သည်။

* * *

ကျင်းစန်းသည် အပြစ်မရှိဘဲ သုတ်သင်ခံရတော့မည်ဖြစ်လေသည်။

ကျင်းစန်းက စင်မြင့်အောက်မှ ပရိသတ်ကြီးအား ငေးကြည့်နေမိလေသည်။

သူ၏ စိတ်ထဲ၌....

'ငါက ဒီလိုနဲ့ပဲ ဘဝအဆုံးသတ်ရတော့မှာလား'

'ငါ ဒီအတိုင်းပဲ နေရတော့မလား'

'ငါ ဘာလုပ်ရင်ကောင်းမလဲ'



'မြင်းလှည်းသမားတစ်ယောက်အဖြစ်နဲ့ ငါ့ဘဝကိုမြုပ်နှံထားလိုက်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြင်မလား၊ ဒုစရိုက်ဘောင်အပြင် အသက်ပေးမလား'

စသည်ဖြင့် အမျိုးမျိုး တွေးတောစဉ်းစားနေလေသည်။

ထို့အတူ....

စင်မြင့်နှင့်မလှမ်းမကမ်းမှ ရပ်ကြည့်နေသော အဖြူရောင် ဝတ်ဆင်ထားသူလည်း အံ့ဩသွားလေသည်။

'သူဟာ မြင်းလှည်းသမား ကျင်းစန်းတဲ့လား၊ မဖြစ်နိုင်ဘူး'

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက်....

စင်မြင့်နှင့်အနီးဆုံးနေရာသို့ ရောက်သွားအောင်တိုးဝှေ့သွားကာ သေသေချာချာ အကဲခတ် ကြည့်လိုက်လေသည်။

ကျင်းစန်း၏ ရုပ်သွင်ကိုမြင်လျှင် ဦးခေါင်း သွင်သွင်ခါယမ်းလိုက်ပြီး....

'မဟုတ်ဘူး၊ သူဟာ ကျင်းစန်းမဟုတ်ဘူး'

ဟု ရေရွတ်လိုက်ပြန်သည်။

ကံအားလျော်စွာ သူ၏နံဘေး၌ရှိနေသူမှာ ကျင်းစန်း၏ မိတ်ဆွေ ရှောင်ဖုံးဖြစ်လေသည်။

ရှောင်ဖုံးသည် အဖြူရောင်ဝတ်ထားသူ၏ စကားကို ကြားလျှင်...

'သူဟာ မြင်းလှည်းသမား ကျင်းစန်းပါဗျ၊ ဘာကြောင့် မဟုတ်ရမှာလဲ'

ဟု ပြောလာလေသည်။

အဖြူရောင်ဝတ်ဆင်ထားသူက....

'နေပါဦး၊ ခင်ဗျားက သူ့ကိုသိလို့လား'

'ဘာကြောင့်မသိရမှာလဲ၊ သူဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ဗျ'

'ဪ....ဒါဆို ကျုပ်ကစိတ်ဝင်စားမိလို့ သူ့အကြောင်း ပြောပြပါလားဗျာ'

ရှောင်ဖုံးသည် ကျင်းစန်းအတွက် စိတ်မကောင်းဖြစ်ခဲ့ ပါသည်။



တို့ကြောင့်....

'သူဟာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက တိုက်ပွဲမြို့ ကို ရောက်လာတာပါ၊ လက်တစ်ဖက်ပြတ် ဒုက္ခိတဆိုပေမယ့် ဘဝကိုအရှုံးမပေးဘဲ မြင်းလှည်းမောင်းပြီး အသက်မွေးဝမ်း ကျောင်းပြုလုပ်ခဲ့တယ်၊ သဘောမနောကောင်းတယ်၊ သူ တစ်ပါးကို ကူညီတတ်တယ်၊ ရှိတာလေးနဲ့ ဝအောင်စားပြီး အေးအေးဆေးဆေးနေတဲ့ လူတစ်ယောက်ဗျ'

အဖြူရောင်ဝတ်ထားသူက...

'လက်စသတ်တော့ သူဟာ လူကောင်းတစ်ယောက်ကိုး'

'ဟုတ်တယ်'

'ဒါဖြင့် ဘာကြောင့် တရားခံဖြစ်နေရတာလဲ'

'သူက တရားခံမဟုတ်ဘူး၊ ပုတင်းတို့ ညီအစ်ကိုတွေက သူတို့အပေါ် အပြစ်ပုံကျမှာကိုစိုးရိမ်ပြီး ကျင်းစန်းကို ဒုက္ခ ပေးလိုက်ကြတာလေ'

'ဪ'

အဖြူရောင်ဝတ်ထားသူက ဦးခေါင်းတဆတ်ဆတ် ညိတ် လိုက်၏။

ထိုစဉ်....

'ကဲ... ကွပ်မျက်လိုက်တော့ဟေ့'

ပုတင်း၏အမိန့်ပေးသံ ထွက်ပေါ်လာလေသည်။

အဖြူရောင်ဝတ်ထားသူက....

'သူဟာ ကျွင်းစန်း မဟုတ်ဘူး၊ သူဟာ လုံလီ၊ သူ့အကြောင်းကို ကျုပ် ကောင်းကောင်းကြီး သိတာပေါ့'

ဟု ရေရွတ်လိုက်လေသည်။

သို့သော်...

ယခုတစ်ကြိမ်တွင် အဖြူရောင်ဝတ်ဆင်ထားသူက အသံမထွက်ဘဲ ရင်ထဲမှ ရေရွတ်လိုက်ခြင်းဖြစ်လေသည်။

ရှောင်ဖုံးက....

'ကျုပ်ရဲ့သူငယ်ချင်းတော့ သေရပါတော့မယ်ဗျာ'

ဟု ညည်းတွားလိုက်လေသည်။

အဖြူရောင် ဝတ်ထားသူက ခေါင်းခါယမ်းလိုက်သည်။

'မပူပါနဲ့ဗျာ၊ သူ မသေရပါဘူး'



'ဟင်'

ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထိုလူကို မျက်လုံးပြူးကာကြည့်ရင်း....

'ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ'

ဟု မေးလိုက်သည်။

ထိုလူက....

'သူ မသေရပါဘူးဗျာ'

ရှောင်ဖုံးက....

'ကျွင်းစန်း မသေရဘူးဟုတ်လား'

'ဟုတ်တယ်'

'ခင်....ခင်ဗျား'

ထိုလူက....

'လုံလီလိုလူတစ်ယောက်ဟာ ဒီလိုအဖြစ်မျိုးနဲ့ ဘယ်တော့မှ သေရမှာ မဟုတ်ပါဘူး'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် စင်မြင့်ပေါ်၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို တွေ့ရလေသည်။

'မဆိုင်သူမကပ်နဲ့'

'မသေချင်ရင် ဝေးဝေး ရှောင်လိုက်ကြစမ်း'

ကျယ်လောင်သော အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ မှိုမှသည်မှ ထွက်ပေါ်လာ၏။

ထိုလူများသည် အာဏာသားများအား တိုက်ခိုက်လိုက်ကြ၏။

အချို့က....

စင်မြင့်ပေါ်သို့ပြေးတက်သွားပြီး ပုတင်းတို့အား တိုက်ခိုက်လိုက်ကြလေသည်။

'အား'

'အမယ်လေး'

'သေပါပြီဗျ'



'ဝူန်း'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းပင်....

'ပြေးဟေ့....ပြေး....ပြေး'

'လူဆိုးတွေ....လူဆိုးတွေ'

အော်ဟစ်သံ၊ ပြေးလွှားသံများ ပွက်လောရိုက်သွားလေသည်။

အခြေအနေက ရုတ်ရုတ်သဲသဲ ရှုပ်ရှုပ်ထွေးထွေးဖြစ်သွား၏။

ရှောင်ဖုံးလည်း ကြောက်ရွံ့ကာ....

'ဒုက္ခပါပဲ'

ဟု ညည်းတွားလိုက်သည်။

အခြားသူများနှင့်ရောနှောကာ ထွက်ပြေးသွားလေသည်။

အဖြူရောင်ဝတ်ထားသူ ရင်ထိတ်သွားသည်။

သူက ထွက်မပြေးဘဲ စင်မြင့်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ....

ထုပ်တန်းပေါ်၌ ချိတ်နှောင်ထားသော ကြိုးကွင်းမှာ လေထဲ လှုပ်ယမ်းနေပြီး ကျင်းစန်းကိုမူ မတွေ့ရတော့ချေ။

ပုလိပ်က စင်မြင့်ပေါ်၌ လဲနေ၏။

ပုတင်းနှင့် ပုကျောက်တို့ကား ထွက်ပြေးသွားကြသည်။

ထို့အတူ....

အနက်ရောင်ဝတ်ဆင်ထားကြသူများလည်း အလျှိုအလျှို ပျောက်ကွယ်သွားကြလေသည်။

'ဟင်'

အဖြူရောင်ဝတ်ဆင်ထားသူ တအံ့တဩ ရေရွတ်လိုက်လေသည်။

ကျင်းစန်းသည် ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီဖြစ်သည်။



အနက်ရောင် ဝတ်ဆင်ထားကြသူများက ကျင်းစန်းအား ကယ်တင်သွားကြခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

အဖြူရောင် ဝတ်ဆင်သောသူ မကျေမနပ် ဖြစ်သွားသည်။

ကျင်းစန်း ထွက်ပြေးသွားမည်ဟု ထင်မိသော အရပ်ဘက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားလိုက်လေတော့သည်။

* * *

ကျင်းစန်း လွတ်မြောက်သွားသည်။

အာဏာသားပုလိ သေဆုံးသွားသည်။

ထိုဖြစ်ရပ်များကြောင့် ထိုက်ဝူမြို့စားသည် ကျင်းစန်းအား စရမ်းပြေးအဖြစ် ထုတ်ပြန်ကြေညာလိုက်လေသည်။

ကျင်းစန်းအား အသေရရ အရှင်ရရ ဖမ်းဆီးပေးနိုင်သူအား ဆုငွေငါးသောင်း ပေးမည်ဟုလည်း ကြေညာလိုက်လေသည်။

မြင်းလှည်းသမား ဒုက္ခိတကျင်းစန်းသည် အလိုလိုဆုငွေထုတ်ခံရသော ဝရမ်းပြေး လူဆိုးတစ်ယောက် ဖြစ်သွားလေတော့သည်။

*    *    *

## အမှားခြေရာ

---

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်နေသည်။

အနက်ရောင် ဝတ်ဆင်ထားသူ တစ်ယောက်သည် မြင်းညိုကြီး တစ်ကောင်အား ဒုန်းစိုင်းနှင်နေ၏။

သို့သော်....

အချိန်ကြာလာလေလေ မြင်းညိုကြီးမှာ ခြေလှမ်းကျလာလေလေပင်။

အကြောင်းကား...

မြင်းပေါ်တွင် အနက်ရောင် ဝတ်ဆင်ထားသူသာမက ကျင်းစန်းပါလာသည် မဟုတ်ပါလား။

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ရုတ်တရက် ထွက်ပေါ်လာကြပြီး အာဏာသားများအား တိုက်ခိုက်ကာ ကျင်းစန်းကို ကယ်တင်ခဲ့ကြခြင်း ဖြစ်လေသည်။

အခြားသော အနက်ရောင် ဝတ်ဆင်ထားကြသူများသည် အာဏာသားများ မျက်စိလည်သွားရလေအောင် အနောက်အရပ်သို့ လူစုခွဲကာ ပြေးကြလေသည်။

ကျင်းစန်းအား ကယ်တင်လာသော အနက်ရောင်ဝတ်ထားသူကမူ အရှေ့ဘက်သို့ ဦးတည်ကာ မြင်းဒုန်းစိုင်းနှင်လာခဲ့ခြင်း ဖြစ်လေသည်။

သို့ဖြင့်....

ထိုက်ဝူမြို့နှင့် တစ်စထက်တစ်စ ဝေးလာပြီး လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိလာကြလေသည်။

'ဟေး....ဟေး'

အနက်ရောင် ဝတ်ဆင်ထားသူသည် မြင်းကို အော်ဟောက်ကာ ရပ်တန့်လိုက်လေသည်။

ထို့နောက်....

'ဆင်းတော့'



ဟု ပြောကာ ကျင်းစန်းကို မြင်းပေါ်မှ တွန်းချလိုက်၏။

ကျင်းစန်းသည် မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားခြင်းမျိုး မရှိဘဲ ကြောင်တစ်ကောင်ကဲ့သို့ ညင်သာပေါ့ပါးစွာ ကျသွားလေသည်။

အနက်ရောင်ဝတ်ထားသူက....

'ခင်ဗျား သွားလိုရာသွားနိုင်ပြီ'

ဟု ပြောလေသည်။

ကျန်းစန်းက....

'ကောင်းပြီ'

စကားဆုံးလျှင် လမ်းဆုံလမ်းခွဆီသို့ ခြေဦးတည်လိုက်၏။

အနက်ရောင် ဝတ်ထားသူက....

'ခင်ဗျား ဝေးဝေးသာ ပြေးပေတော့၊ အာဏာသားတွေ ပြန်ပြီး ဖမ်းမိသွားရင် မလွယ်ဘူး၊ ကျုပ်တို့လဲ နောက်တစ်ခါ လာကယ်နိုင်တော့မှာ မဟုတ်ဘူး'

ဟု ပြောလေသည်။

ကျင်းစန်းက....

'ကောင်းပါပြီဗျာ'

သူက ရှေ့ဆက်သွားလိုက်လေသည်။

အနက်ရောင် ဝတ်ထားသူသည် ကျင်းစန်းကို ကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက်....

'ဟေး....ဟေး'

မြင်းကို အော်ငေါက်ကာ မောင်းနှင်လိုက်လေသည်။

မြင်းညိုကြီးသည် ပေါ့ပါးသွားပြီဖြစ်၍ ရှည်လျားစွာ ဟီသံပေးကာ ဒုန်းစိုင်း ပြေးလွှားသွားလေတော့သည်။

* * *



နေဝန်းနီသည် အနောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာ၏။

ညနေဆည်းဆာအချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

အနက်ရောင် ဝတ်ဆင်ထားသူသည် တောအုပ်တစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

ထိုစဉ်....

'ရပ်လိုက်'

ဟန့်တားသံများ ထွက်ပေါ်လာသည်။

သစ်ပင်များကြားမှ အနက်ရောင်ဝတ်ဆင်ထားကြသူများ ပြေးထွက်လာကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော မြင်းစီးသမားက....

'ဟျှို့....ညီတော် နောင်တော်တို့ ကျုပ်ယုကွမ်းပါ'

ဟု လက်ဝှေ့ယမ်းကာ ပြောလိုက်လေသည်။

ထွက်ပေါ်လာသော အနက်ရောင် ဝတ်ဆင်ထားကြသူများသည် မြင်းစီးသမား ယုကွမ်းနှင့် တစ်ဖွဲ့တည်းသားများ ဖြစ်နေပါတော့သည်။

'ယုကွမ်း ပြန်လာပြီဟေ့'

'ဘယ်လိုလဲ အဆင်ပြေခဲ့ရဲ့လား'

'အစ်ကိုကြီးက မင်းကို စောင့်နေတယ်'

ဟု တစ်ယောက်တစ်ပေါက် ပြောလာကြလေသည်။

ယုကွမ်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး သူ၏မိတ်ဆွေများနှင့် ဖက်လှဲတကင်း မိတ်ဆက်လိုက်သည်။

တစ်ဖန်....

'အားလုံး အဆင်ပြေပါတယ်ဗျာ၊ ကျန်တဲ့လူတွေကော ရောက်နေကြပြီလား'

'ပြန်ရောက်လာကြပြီ၊ မင်းကိုစောင့်နေကြတာ'

'ကောင်းပြီ၊ အစ်ကိုကြီးနဲ့ သွားတွေ့လိုက်ဦးမယ်'

ယုယွမ်းသည် သစ်ပင်များကြားသို့ ဝင်လိုက်လေသည်။

တောအုပ်ထဲမှ ဖြတ်သွားလိုက်ရာ မကြာပါချေ။ မြေကွက်လပ် တစ်ခုသို့ ရောက်သွားလေသည်။



မြေကွက်လပ်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်လေးငါးလုံး ရှိနေပါ၏။

အနက်ရောင် ဝတ်ဆင်ထားကြသူများ သွားလာလှုပ်ရှားနေကြပြီး အချို့က ယုကွမ်းအား လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်ကြလေသည်။

ယုကွမ်းကလည်း ပြန်လည်နှုတ်ဆက်ပြီး ဝဲဘက်အစွန်ဆုံးရှိ သစ်လုံးအိမ်လေးဆီသို့ ဦးတည်သွားလိုက်၏။

သစ်လုံးအိမ်ကလေး တံခါးပိတ်ထားပါသည်။"

ယုကွမ်းက တံခါးခေါက်လိုက်သည်။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ထိုအခါ...

'တံခါးစေ့ထားတာပါ၊ တွန်းဝင်ခဲ့'

အတွင်းဘက်မှ စကားသံကို ကြားရ၏။

ယုကွမ်းက အိမ်တံခါးကို တွန်းဖွင့်ကာ လှမ်းဝင်သွားလိုက်လေသည်။

အိမ်ထဲ၌ အသက်လေးဆယ်ခန့်ရှိသူတစ်ယောက် ထိုင်ကာ အရက်သောက်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် မျက်နှာတွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာအမာ ရွတ်ကြီးရှိကာ ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်ရှိလေသည်။

ကျဲပေါက်ကြီးတစ်ကောင်ကဲ့သို့ ခန္ဓာကိုယ် တုတ်တုတ် ခိုင်ခိုင်ရှိသူလည်း ဖြစ်လေသည်။

ယုကွမ်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် ဂါရဝပြုလိုက်လေသည်။

အမာရွတ်နှင့်လူက....

'ဘယ်လိုလဲဟေ့၊ အဆင်ပြေတယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ယုကွမ်းက....

'အဆင်ပြေပါတယ် အစ်ကိုကြီး'

အမာရွတ်နှင့်လူက....

'မြင်းလှည်းသမား ကျင်းစန်းဖော'



'သူ့ကို လမ်းဆုံမှာ လွှတ်ပေးလိုက်ပါတယ်'

'ကောင်းတယ်၊ ဒီတစ်ခါ အလုပ်လုပ်ရတာ ငှက်ပျော သီး အခွံနွှာစားရတာထက်တောင် လွယ်သေးတယ်'

ဟု ပြောကာ အမာရွတ်နှင့်လူက ဟားတိုက်ရယ်မောလိုက်လေသည်။

ယုကွမ်းကလည်း ရယ်မောလိုက်လေသည်။

'ဟုတ်တယ် အစ်ကိုကြီး၊ ထိုက်ဝူမြို့က ပုတင်းတို့လူစုဟာ ကိုယ့်ကိုယ်ကို အထင်ကြီးနေကြတာ၊ ကျုပ်တို့က ကြိုးပေးခံ ရတော့မယ့်လူကိုလဲ ဝင်ကယ်ကော ထွက် ပြေး လိုက်ကြ တာ၊ ကျုပ်တို့ထွက်လာတော့မှပဲ ဖြသံပေးပြီး လိုက်လာ ကြတယ်၊ ဒါတောင် ဟန်ဆောင်နေကြတာ၊ တကယ်လိုက် ကြတာ မဟုတ်ဘူး'

အမာရွတ်နှင့်လူက....

'တို့လူတွေတစ်ယောက်မှ ဘေးမသီရန်မခကြတာ ဝမ်း သာစရာပဲ၊ ကြိုးပေးခံရမယ့်လူကို ကယ်တင်ပေးလို့ရတဲ့ အခ ကြေးငွေက မနည်းဘူး၊ ဒီညတော့ အားလုံးအတွက် ပျော်ပွဲ ရှင်ပွဲပေါ့ကွာ'

ယုကွမ်းက....

'သိပ်ကောင်းတာပေါ့ အစ်ကိုကြီးရာ၊ ဒါထက် ဘာမဟုတ်တဲ့ မြင်းလှည်းသမားတစ်ယောက်ကို ငွေပုံပေးပြီး ကယ်တင်ခိုင်းရတာ ဘာကြောင့်လဲ၊ ဒီကိစ္စက သိပ်လွယ်ကူပြီး ရတဲ့ငွေက များနေတော့ ကျုပ်စိတ်ထဲ သက်ာမကင်းသလိုဖြစ်နေမိတယ်'

ဟု ပြောလိုက်လေသည်။

အမာရွတ်နှင့်လူက လက်ကာပြလိုက်လေသည်။

'ဒါတွေ ငါတို့နဲ့မဆိုင်ဘူး၊ ဘာမှစဉ်းစားမနေနဲ့၊ ကိုယ်လုပ်စရာရှိတဲ့ကိစ္စကို အောင်မြင်အောင်လုပ်ပေးနိုင်ရင် တာဝန်ကျေပြီ၊ ငါတို့ ပင့်ကူအဖွဲ့ကို အသုံးချမယ်ဆိုရင် ငွေကို ထိုက်ထိုက်တန်တန် ပေးရမယ်၊ ဒါကြောင့် ငါတို့က မြင်းလှည်းသမားတစ်ယောက်ကို ကယ်တင်လိုက်တဲ့အတွက် ငွေအများကြီးရလိုက်တယ်လို့ပဲ သဘောထားလိုက်၊ ဟုတ်ပြီလား'

ယုကွမ်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီဗျာ'

အမာရွတ်နှင့်လူက....

'ကဲ....မင်းပဲ ညအတွက် စီစဉ်ပေတော့'

ဟု အမိန့်ပေးလိုက်လေသည်။

* * *



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်လေသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက လွှမ်းမိုးထားသည်။

သို့သော်....

ယုကွမ်းတို့၏ ပင့်ကူအဖွဲ့တည်ရှိရာမြေကွက်လပ်တွင်မူ နေ့ဘက်နှင့်မခြားအောင် မီးရောင်များ ထိန်ထိန်လင်းနေ၏။

သစ်လုံးအိမ်လေးများရှေ့ မြေကွက်လပ်တွင် မီးပုံကြီးများ ပြုလုပ်ကာ ပင်ကူအဖွဲ့သားများသည် အသားကင်များ၊ အရက်များဖြင့် တပျော်တပါးစားသောက်ကာ အောင်ပွဲခံနေကြလေသည်။

ပင့်ကူအဖွဲ့သည် ကြေးစားအဖွဲ့တစ်ခုဖြစ်ပါသည်။

ငွေရမည်ဆိုလျှင် ဘာမဆိုလုပ်မည့်သူများ ဖြစ်ကြသည်။

အမာရွတ်ကောင်းတုံမှာအဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ယုကွမ်းက လက်ထောက်ခေါင်းဆောင်ဖြစ်လေသည်။

ပင့်ကူအဖွဲ့အား မြင်းလှည်းသမားကျင်းစန်းကို ကယ်တင်ပေးလျှင် ငွေပေးမည်ဟု ကမ်းလှမ်းလာသဖြင့် အမာရွတ်

ကောင်းတုံကလက်ခံပြီး ယုကွမ်းကို တာဝန်ပေးလိုက်ခြင်း ဖြစ်လေသည်။

ယုကွမ်းက ပင့်ကူအဖွဲ့သားအချို့ကို ခေါ်ယူသွားကာ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ အောင်ပွဲခံကာ စားသောက်နေကြခြင်းဖြစ်ပေတော့သည်။

အမာရွတ်ကောင်းတုံနှင့် လက်ထောက် ခေါင်းဆောင် ယုကွမ်းတို့ကား သစ်လုံးအိမ်လေးအတွင်း၌ သီးသန့် စားသောက်နေကြ၏။

သူတို့၏ ရှေ့မှစားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အရက်များအပြင် ငွေများ တစ်ပုံတပင်ကြီးရှိနေ၏။

ကောင်းတုံနှင့် ယုကွမ်းတို့က အရက်ကိုတစိမ့်စိမ့်သောက်ရင်း ငွေပုံကြီးကို အရသာခံကာ ကြည့်နေကြလေသည်။

ကောင်းတုံက....

'ဒီလိုအလုပ်မျိုး မကြာမကြာရရင် သိပ်ကောင်းမှာပဲ'

ဟု ပြောကာ ရယ်မောလိုက်လေသည်။

ယုကွမ်းကလည်း ရယ်မောလိုက်သည်။

'ဟုတ်တယ်....အစ်ကိုကြီး၊ ကျုပ်က ငွေရပေါက်တစ်ခုကို စဉ်းစားမိထားသေးတယ်'



ကောင်းတုံကဲ....

'ပြောစမ်းပါဦး'

ယုကွမ်းက....

'မြင်းလှည်းသမားကျင်းစန်းကို ထိုက်ဂူမြို့စားက ဆုငွေ ငါးသောင်းထုတ်ထားတယ် အစ်ကိုကြီး၊ ကျုပ်တို့က သူ့ကို ဖမ်းပြီး မြို့စားကြီးဆီကိုအပ်လိုက်ရင် ဆုငွေရမှာ အသေအချာပဲ'

ဟု ပြောလေသည်။

'ဟား... ဟား.... ဟား'

ကောင်းတုံက ရယ်မောလိုက်လေသည်။

ယုကွမ်းကဲ....

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

ကောင်းတုံက....

'ကျင်းစန်းကိုဖမ်းတာက ဟုတ်ပါပြီ၊ မြို့စားကြီးဆီကို ဘယ်သူက သွားအပ်မလဲ'

ယုကွမ်းက....

'ကျုပ်ကိုယ်တိုင် သွားအပ်မှာပေါ့'

'မင်းက တော်တော်သတ္တိကောင်းပါလား'

'ရပါတယ် အစ်ကိုကြီးရာ၊ ထိုက်ဝူမြို့ကလူတွေဟာ ကျုပ်တို့အကြောင်းကို ဘယ်လိုလုပ်သိနိုင်မှာမို့လဲ'

ကောင်းတုံက....

'ကောင်းပြီ၊ မင်းပဲကြည့်လုပ်လိုက်ပေါ့'

ယုကွမ်း ဝမ်းသာသွားလေသည်။

'ကဲ.... ကျင်းစန်းကိုဖမ်းပြီး ဆုငွေထုတ်ဖို့အတွက် ဆုတောင်းပြီး ကျုပ်တို့အရက်တစ်ခွက်စီလောက် သောက်ကြပါစို့ဗျာ'

ကောင်းတုံက ရယ်မောလိုက်သည်။

သူတို့သည် အရက်ခွက်များကိုယ်စီကိုင်ကာ မော့သောက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ကောင်းတုံနှင့် ယုကွမ်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

လှမ်းကြည့်လိုက်သောအခါ တံခါးဝ၌ရပ်နေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ယုကွမ်း ပါးစပ်အဟောင်းသား ဖြစ်သွားပြီး....

'ကျင်းစန်း'

ဟု ရေရွတ်လိုက်လေတော့သည်။

* * *

ကျင်းစန်း....

ကျင်းစန်းက တံခါးပေါက်ဝ၌ ရပ်နေသည်။

ကောင်းတုံနှင့်ယုကွမ်းတို့က သတိပြုမိသွားတော့မှ အိမ်ထဲသို့ လှမ်းဝင်လာလေသည်။

ကောင်းတုံတို့၏စားပွဲတွင် ဝင်ထိုင်ချလိုက်ပြီး အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

ကောင်းတုံနှင့် ယုကွမ်းတို့ ကြောင်အမ်းအမ်း ဖြစ်နေသည်။

ပထမဆုံးသတိဝင်လာသူမှာ ယုကွမ်းဖြစ်သည်။

ယုကွမ်းသည် ကျင်းစန်းကို မျက်လုံးပြူး၍ ကြည့်ကာ...

'မင်း....မင်းက မြင်းလှည်းသမား ကျင်းစန်း မဟုတ်လား'

ဟု မေးလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'မင်း...မင်း ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ'

'ခင်ဗျားကို ခြေရာခံပြီး လိုက်လာတာပေါ့'

ယုကွမ်း ဒေါပွသွားလေသည်။

'မင်း သေချင်ပြီထင်တယ်'



ဟု ပြောကာ ထိုင်ရာမှ စုန်းခနဲထရပ်လိုက်လေသည်။

ကောင်းတုံက လက်ကာပြလိုက်သည်။

'ယုကွမ်း....ပြန်ထိုင်စမ်း'

ဟု အမိန့်ပေးလိုက်သည်။

ယုကွမ်းလည်း ဘာမှမပြောသာတော့ဘဲ ပြန်လည်ထိုင်ချလိုက်ရ၏။

ကောင်းတုံက....

'အရက်သောက်လိုက်ပါဦး'

အရက်တစ်ခွက်ငှဲ့ပေးလိုက်၏။

ကျင်းစန်းက အရက်ခွက်ကိုယူကာ မော့ချလိုက်လေသည်။

ယုကွမ်းသည် ကျင်းစန်းကို ကြည့်ကာ မယုံကြည်နိုင်အောင် ဖြစ်နေပါသည်။

ကျင်းစန်းသည် မြင်းလှည်းသမားတစ်ယောက် ဖြစ်သည်။

လူသတ် မြန်ပေးဆွဲသည့်ကိစ္စတွင် မဆီမဆိုင် အပြစ်ပေးခံရသူ ဖြစ်ကြောင်းလည်း ကြားသိထားပြီး ဖြစ်သည်။

ဘာမှ အထင်ကြီးစရာမရှိသော ကျင်းစန်းသည် ယခု အခါ မြွေဟောက်တစ်ကောင်နှင့် တူနေသည်ဟု ခံစားလာ ရလေသည်။

ကောင်းတုံ့က....

'ကျုပ်တို့ကတော့ မင်းကို သာမန် မြင်းလှည်းသမား တစ်ယောက်အဖြစ် ထင်မှတ်ခဲ့ကြတာ'

ကျင်းစန်းက ပြုံးလိုက်လေသည်။

ကောင်းတုံ့က ဆက်ပြောသည်။

'မင်းဟာ သိုင်းသမားတစ်ယောက် ဖြစ်နေလိမ့်မယ်လို့ လုံးဝမထင်ခဲ့မိဘူး'

ဤတွင် ယုကွမ်းသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး...

'အစ်ကိုကြီး သူက သိုင်းသမားဟုတ်လား'

ဟု ပြောလာလေသည်။

ကောင်းတုံ့က....

'သူက သိုင်းသမားမဟုတ်ရင် ငါတို့လူတွေမသိဘဲ ဒီအိမ်ထဲ ရောက်တဲ့အထိ ဘယ်လိုလုပ်ပြီး ဝင်လာနိုင်မှာလဲ'



ယုကွမ်းက....

'ဒါဖြင့်သူက ကြိုးပေးသတ်တော့မယ့်သူက ဘာကြောင့် ခေါင်းငုံ့ခံနေရတာလဲ'

'ဒါတော့ သူ့မှာ အကြောင်းရှိလို့ ဖြစ်မှာပေါ့'

သူတို့နှစ်ယောက်သည် ကျင်းစန်းကို ကြည့်လိုက်ကြလေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

'ကျုပ်က မြင်းလှည်းသမားဘဝနဲ့ တစ်သက်လုံး နေသွားတော့မယ်လို့ ဆုံးဖြတ်ခဲ့မိတယ်'

သူ၏အသွင်သည် အပြောင်းလဲကြီး ပြောင်းလဲနေပြီဖြစ်လေသည်။

တုံ့ထုံအအ, မြင်းလှည်းသမား တစ်ယောက်နှင့် မတူတော့ပါ၊ အလွန်ထွေးအေးပြီး ပြတ်သားသူတစ်ယောက် ဖြစ်ကြောင်း ပေါ်လွင်နေပေတော့သည်။

ကျင်းစန်းက ဆက်ပြောလိုက်သည်။

'ကျုပ်ရဲ့လည်ပင်းမှာ ကြိုးကွင်းစွပ်ခံလိုက်ရတဲ့ အချိန် ကျုပ် ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်လို့ မရအောင်ဖြစ် နေမိတယ်'

ကောင်းတု'က....

'ခုမှတော့ ဆုံးဖြတ်လို့ရပြီးသွားပြီပေါ့ ဟုတ်လား'

ကျင်းစန်းက....

'ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့်လဲ ကျုပ်က ဒီနေရာကို ရောက်လာတာပါ'

ကောင်းတု'က....

'ကျုပ်တို့ဟာ ရန်သူတွေ မဟုတ်ကြဘူးလို့ပြောရင် မင်း လက်ခံမလား'

ကျင်းစန်းက....

'ခင်ဗျားတို့က ကျုပ်ကို ဘာကြောင့် ကယ်တင်ခဲ့ရတာ လဲ'

ဟု မေးလိုက်လေသည်။

ကောင်းတု'က....



'လူတစ်ယောက်က ငွေပေးပြီး ခိုင်းလို့ပါဗျာ'

ကျင်းစန်းက....

'အဲဒီလူက ဘယ်သူလဲ'

ကောင်းတု'က ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျန်းစန်းက အေးတိအေးစက်ဖြင့်....

'ဒီလိုဆိုရင်တော့ ကျုပ်တို့ဟာ ရန်သူတွေ ဖြစ်သွားနိုင် ပါတယ်'

ယုကွမ်း မကျေမနပ် ဖြစ်သွားလေသည်။

'ခင်ဗျား စကားကို ကြည့်ပြောပါ'

ဟု ငေါက်လိုက်၏။

ကျင်းစန်းက သူ့အား တစ်ချက် စိုက်ကြည့်လိုက်လေ သည်။

ယုကွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူတို့ချင်း ထိပ်တိုက်ရင်ဆိုင်ရခြင်း မရှိသေးပါ။

သို့သော်....

ကျင်းစန်း၏ အကြည့်တစ်ချက်သည် ယုကွမ်း တုန်လှုပ်သွားစေတော့သည်။

ကောင်းတုံက....

'ယုကွမ်း....မင်းထွက်သွားစမ်း'

ဟု မောင်းထုတ်လိုက်လေသည်။

ယုကွမ်းက....

'အစ်ကိုကြီး'

ကောင်းတုံသည် ယုကွမ်းအား ဂရုမစိုက်ဘဲ လက်ဝှေ့ယမ်းပြလိုက်လေသည်။

ယုကွမ်း ဘာမှမတတ်နိုင်တော့ပါ။

ထိုင်ရာမှထကာ အိမ်ထဲမှ ထွက်သွားရလေသည်။

သူက ကောင်းတုံအတွက် စိတ်ပူမိသည်။

သို့သော်....

ကောင်းတုံသည် သူ့ထက်ပိုပြီး သိုင်းပညာတော်သူဖြစ်နေသည် မဟုတ်ပါလား။



သူရှိနေမှ ကောင်းတုံအား ကာကွယ်နိုင်မည် မဟုတ်ပါ။

သူ့ကြောင့် ကောင်းတုံ အတွက် အနှောင့်အယှက် ဖြစ်နိုင်သည် မဟုတ်ပါလား။

ယုကွမ်းသည် အိမ်ထဲမှထွက်သွားပြီး အိမ်တံခါး ပြန်ပိတ်ပေးထားလိုက်လေသည်။

*   *   *

ယုကွမ်း ထွက်သွားပြီ ဖြစ်လေသည်။

ကောင်းတုံက သက်ပြင်းချလိုက်သည်။

ကျင်းစန်းကိုကြည့်ကာ....

'ကျုပ်ပြောရင်ကော မင်းယုံမလား'

ဟု မေးလေသည်။

ကျင်းစန်းက....

'ခင်ဗျားက အမှန်အတိုင်း ပြောရင်ပေါ့လေ'

ကောင်းတုံက....

'ကျုပ်က မင်းကို လိမ်ပြောစရာ အကြောင်းမရှိပါဘူး'

'ဒါဖြင့် ပြောပါဗျာ'

'ကျုပ်ကိုခိုင်းတဲ့လူက ဇီးကွက်ပါ'

ကျင်းစန်း မျက်မှောင်ကြုတ်သွားလေသည်။

'ချန်းအန်းမြို့က ဇီးကွက် ဟုတ်လား'

'ဟုတ်တယ်'

'သူက ဒီလောက်ခရီးအဝေးကြီးအထိ ခြေဆန့်လာတာ အံ့ဩစရာပဲ'

ကောင်းတုံက....

'မအံ့ဩနဲ့၊ တချို့ကိစ္စတွေဟာ ရုတ်တရက် ကြည့်ရင် အသေးအဖွဲ့လို့ ထင်ရပေမယ့် နောက်ကွယ်မှာ ကြီးကျယ်တဲ့ ကိစ္စတွေ ရှိနေတတ်တယ် မဟုတ်လား'

ကျင်းစန်းက....



'ဟုတ်ပါတယ်ဗျာ၊ ဇီးကွက်က ဘယ်လိုခိုင်းတယ်ဆိုတာ ပြောပါဦး'

ကောင်းတုံက....

'ဇီးကွက်က ထိုက်ဝူမြို့ဝန်ဟာ လူသတ်ပြန် ပေးဆွဲလို့ မသက်ာတဲ့ လူတစ်ယောက်ကို ကြိုးပေးကွပ်မျက်လိမ့်မယ်တဲ့၊ အဲဒီလူကိုကယ်တင်ပြီး ဘေးကင်းတဲ့အရပ်မှာ လွှတ်ပေးရင် ငွေပေးမယ်လို့ ကမ်းလှမ်းလာတယ်'

ကျင်းစန်းက....

'ကျုပ်ကို ကယ်တင်ခိုင်းတာပေါ့'

'ဟုတ်တယ်'

'ကျုပ်က ဇီးကွက်နဲ့ ပတ်သက်စရာအကြောင်းမှ မရှိတာ'

ကောင်းတုံက ပခုံးတွန့်လိုက်လေသည်။

ကျင်းစန်းက....

'ဒါနဲ့ပဲ ခင်ဗျား လက်ခံလိုက်တာပဲလား'

'ဟုတ်တယ်၊ ကျုပ်တို့အလုပ်က ငွေပေးပြီးခိုင်းလို့ ကြိုက်ဈေးရရင် လုပ်ပေးရုံပဲ မဟုတ်လား'

ကျင်းစန်းက....

'ခုလိုပြောပြတာ ကျေးဇူးပဲ၊ ကျုပ်လွတ်မြောက်သွားရင် မြို့ဝန်နဲ့အာဏာသားတွေက ကျုပ်နောက်ကို သဲကြီးမဲကြီး လိုက်ကြတော့မယ်၊ ဒါဆိုရင် တကယ့်တရားခံအစစ်ကို ရှာမတွေ့နိုင်ဘဲ မျက်စိလည်သွားတော့မယ်၊ ဒီလိုဖြစ်အောင် တမင်အကွက်ဆင်လိုက်တာပဲ'

ကောင်းတုံ ပြုံးလိုက်လေသည်။

'ကျုပ်က ဒါတွေ စိတ်မဝင်စားပါဘူးဗျာ'

ကျင်းစန်းက....

'ကောင်းပြီလေ၊ ကျုပ်သွားမယ်'

'ခဏနေပါဦး'

ကောင်းတုံက ဟန့်တားလိုက်၏။

ကျင်းစန်းက....



'ခင်ဗျား ဘာပြောချင်လို့လဲ'

ကောင်းတုံက....

'မင်း ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား'

ကျင်းစန်းက....

'ခင်ဗျား ဘာကြောင့်သိချင်ရတာလဲ'

ကောင်းတုံက....

'မင်းဟာ ကျုပ်ကြားဖူးတဲ့ လူဘစ်ယောက်များ ဖြစ်နေမလားလို့ပါ'

ကျင်းစန်းက....

'ဒါတော့ ခင်ဗျား ကြိုက်သလိုဘင်နိုင်ပါတယ်'

စကားဆုံးလျှင် အိမ်တံခါးတွန်းဖွင့်ကာ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

* * *

## အရိပ်ပမာ

ကျင်းစန်း ထွက်သွားပြီဖြစ်လေသည်။

ကောင်းတုံက ထိုင်နေဆဲ။

သူ၏နဖူးပေါ်တွင် ချွေးများစို့နေသည်။

အလွန်ခက်ထန်ကြမ်းတမ်းသော ခရီးတစ်ခုကို ဖြတ်သန်းလာသူတစ်ယောက်နှင့်ပင် တူနေ၏။

အရက်ခွက်ထဲ၌ အရက်ငှဲ့ထားသည်။

သို့သော် ကောင်းတုံကမသောက်ပါ။

စားသောက်ဖွယ်များသည်လည်း အေးစက်နေပြီ ဖြစ်သည်။

ရုတ်တရက်....

ခြေသံများ ထွက်ပေါ်လာသဖြင့် ကောင်းတု လှမ်းကြည့်လိုက်ရာ ယုကွမ်း ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ကောင်းတု က....

'သူ သွားပြီလား'

ဟု မေးလိုက်သည်။

ယုကွမ်းက....

'ဟုတ်တယ်....သွားပြီ၊ တကယ့် တစ္ဆေသူရဲတစ်ကောင်လိုပဲ၊ အိမ်ထဲကထွက်လာတာကို ရိပ်ခနဲ တွေ့လိုက်ရတယ်၊ နောက် ဘာမှမတွေ့ရတော့ဘူး'

သူ၏လေသံတွင် စိုးရိမ်ပူပန်မှုများသည် အထင်းသား ပေါ်လွင်နေ၏။

ကောင်းတု က....

'ကျုပ်က သူ့ကို ပေါ့ပေါ့တန်တန် သဘောမထားမိတာ ကံကောင်းသွားတယ်'



ယုကွမ်းက....

'သူ ဘယ်သူလဲဆိုတာ အစ်ကိုကြီး သိသလား'

ဟု မေးလိုက်သည်။

ကောင်းတု ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ အစ်ကိုကြီး'

'ကျုပ်က သူ့ကို သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ပြီးမှ ရုတ်တရက် ပျောက်ကွယ်သွားသူ တစ်ယောက်လို့ ထင်နေမိတယ်'

ယုကွမ်း မှိုင်ပြီး စိတ်ဝင်စားသွားလေတော့သည်။

ကောင်းတု က....

'သူက အိမ်ထဲကိုဝင်လာတာနဲ့ အေးစိမ့်တဲ့အငွေ့အသက်တွေကို မင်း မခံစားလိုက်ရဘူးလား'

'ဟုတ်တယ် အစ်ကိုကြီး၊ ကျုပ် ခံစားလိုက်ရတယ်၊ သူ့ကိုကြည့်ရတာ မြွေဟောက်တစ်ကောင်လိုပဲ'

ကောင်းတု က....

'သူဟာ ဓားတစ်လက်ပါ'

'ဗျာ'

'သူဟာ မြွေဟောက်တစ်ကောင်ထက် ဓားတစ်လက်နဲ့ ပိုတူတယ်၊ သူဟာ တကယ်လဲ ဓားတစ်လက်ပါပဲ၊ သူ့ကို သိုင်းလောကသားတွေက လက်ဝဲဓားသမား လုံလီလို့ခေါ်ကြတယ်'

'ဟာ'

ယုကွမ်း အထိတ်တလန့် အော်ဟစ်လိုက်လေသည်။

သူက ကျင်းစန်းအားတိုက်ခိုက်ရန် ဟန်ပြင်ခဲ့စဉ် ကောင်းတုံက အဘယ်ကြောင့် ဟန့်တားခဲ့သည်ကို ယခုမှနားလည်သဘောပေါက်လာလေသည်။

ကောင်းတုံက သူ၏အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်ပေတော့သည်။

လက်ဝဲဓားသမား လုံလီ။

လက်ဝဲဓားသမားလုံလီသည် ဓားပညာနှင့်ပတ်သက်လျှင် သိုင်းလောက၌ပြိုင်ဖက်ကင်းသည်ဟု ထင်ရှားကျော်ကြားခဲ့လေသည်။



လုံလီသည် စီးဝူကန်၏တောင်ဘက်ကမ်းရှိ ကျွန်းကလေးပေါ်၌ နေထိုင်သည်။

ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသူလည်း ဖြစ်သည်။

လုံလီ၏ဘဝသည် အရာရာပြီးပြည့်စုံသည်ဟု ဆိုနိုင်၏။

သို့သော်....

လုံလီသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးသွားသည်ဟု သတင်းများထွက်ပေါ်ခဲ့လေသည်။

သိုင်းလောကသားအများစုကမူ လုံလီသည် သိုင်းလောကကို စိတ်ကုန်သဖြင့် ဇာတ်မြှုပ် ပုန်းအောင်းနေလိုက်ခြင်းဖြစ်သည်ဟု ယုံကြည်ထားကြလေသည်။

ယခု....

သူတို့ ကြုံတွေ့ခဲ့ရသောကျင်းစန်းသည် လက်ဝဲဓားသမားလုံလီ ကေန်အမှန်ဖြစ်နေပါမူ မိမိတို့သည် အသက်တစ်ချောင်း ကောက်ရလိုက်ခြင်းဖြစ်သည်ဟု ယုကွမ်းတို့ ခံစားနားလည်မိကြလေတော့သည်။

ကောင်းတုံက....

'သူဟာ လက်ဝဲခေါးသမား လုံလီ ဖြစ်ချင်မှလဲ ဖြစ်မယ်၊ မြင်းလှည်းသမား ကျင်းစန်း ဖြစ်ချင်လဲဖြစ်နိုင်တယ်၊ ဘာပဲ ဖြစ်ဖြစ် သူနဲ့ထိပ်တိုက်မတွေ့ဘာ အကောင်းဆုံးလို့ ကျုပ် ယုံကြည်တယ်'

ယုကွမ်း သက်ပြင်းချလိုက်လေသည်။

ကောင်းတုံက....

'တို့ထစ်တွေ အစစအရာရာ ဆင်ခြင်....'

သူ့စကား ဆုံးအောင်မပြောလိုက်ရပါချေ။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

*   *   *



ဝူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကောင်းတုံနှင့်ယုကွမ်းတို့က ကပျာကယာ ပြေးထွက်သွားကြလေသည်။

ထိုအခါ....

လမ်းရှောင်အောက်တွင် မြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကောင်းတုံနှင့် ယုကွမ်းတို့ အံ့သြသွားကြလေသည်။

ယုကွမ်းက....

'ဘယ်သူကလာပြီး တိုက်ခိုက်နေတာပါလိမ့်'

ဟု ရေရွတ်လိုက်သည်။

ကျင်းစန်းနှင့်ကြုံတွေ့ရပြီးနောက် စိတ်လိုက်မာန်ပါမလုပ်ခဲ့တော့ချေ။

ကောင်းတုံက....

'ရပ်လိုက်စမ်း'

ဟု အော်ဟစ်လိုက်သည်။

ထို့နောက် မြေကွက်လပ်သို့ လှမ်းခနဲ ခုန်ဝင်သွားလေသည်။

ပင့်ကူအဖွဲ့သားများ ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

ကောင်းတု ရောက်လာသဖြင့် ဝမ်းသာသွားလေသည်။

ကောင်းတုသည် မြေကွက်လပ်တွင် ရပ်နေသူကိုကြည့်လိုက်၏။

ထိုအခါ....

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေသည်။

ကောင်းတုက....

'မင်းဘယ်သူလဲ၊ ကျုပ်လူတွေကို ဘာကြောင့်တိုက်ခိုက်ရတာလဲ'

ဟု မေးလိုက်သည်။

လူရွယ်က....

'ကျုပ် ဘာကြောင့် တိုက်ခိုက်ရသလဲဆိုရင် ကျင်းစန်းကိုတွေ့ချင်လို့ပဲ'



ဟု ပြောလာလေသည်။

ကျင်းစန်းဆိုသော စကားကြောင့် ကောင်းတု မျက်နှာပျက်သွား၏။

'မြင်းလှည်းသမား ကျင်းစန်း ဟုတ်လား'

'ဟုတ်တယ်'

'ကျင်းစန်း ဒီမှာမရှိဘူး'

လူရွယ်က....

'ခင်ဗျားတို့က ကျင်းစန်းကို ကယ်ထုတ်သွားကြတယ် ဆိုတာ ကျုပ်သိပြီးပြီ၊ လိမ်ပြောဖို့မကြံနဲ့'

ကောင်းတုက....

'မင်းဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

လူရွယ်က....

'ကျုပ်ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ ကျင်းစန်းကို ကျုပ်တွေ့ချင်တယ်'

ကောင်းတို့က....

'ဒီမှာမရှိဘူးလို့ ဘယ်နှစ်ခါပြောရမလဲ'

လူရွယ်က....

'ကျုပ်မယုံဘူး၊ သူတကယ်ရှိတယ် မရှိဘူးဆိုတာ သိရအောင် မြေလှန်ရှာရလိမ့်မယ်'

'မင်း....'

ကောင်းတို့ ခံပြင်းသွားလေသည်။

ရှေ့သို့တိုးကာ လူရွယ်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

'ကောင်းပြီ၊ ကျုပ်ကို ကျော်ဖြတ်သွားနိုင်တယ်ဆိုရင် မင်းကြိုက်သလို လုပ်နိုင်ပါတယ်'

စကားဆုံးလျှင် ဓားတစ်လက် ဆွဲထုတ်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

ကောင်းတို့၏ဓားသည် ဓားကောင်းတစ်လက် ဖြစ်လေသည်။



လူရွယ်က ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး'

ကောင်းတို့က....

'စောင့်ကြည့်ပါဦးလေ'

စကားဆုံးလျှင် စတင်တိုက်ခိုက်လိုက်လေသည်။

ဓားရိပ်များသည် လူရွယ်၏တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

လူရွယ်က....

'ခင်ဗျား သတိထားပါ'

ဟု ပြောကာ ခါးမှဓားကိုဆွဲထုတ်ပြီးပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ခွမ်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ဓားနှစ်ချောင်း ပြင်းထန်စွာ ထိတွေ့မိလိုက်လေသည်။

ကောင်းစုံ့ ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

သူ၏ လှုပ်ရှားမှုအဝဝသည် နောက်ကျသွားပြီ ဖြစ်လေသည်။

လူရှယ်၏ဓားသည်ကောင်းတု၏ရင်ဝ၌ ထိုးဖောက်စိုက်ဝင်သွားလေသည်။

'အား....'

ကောင်းတု ရှူးရှူး အော်လိုက်သည်။

သူ၏လက်ထဲမှ ဓားလွတ်ကျသွားပြီး မြေပေါ်ခွေခနဲလဲကျသွားလေသည်။

'အစ်ကိုကြီး'

ယုကွမ်းက အထိတ်တလန့် ခေါ်လိုက်သည်။

ချက်ချင်းပင် ကောင်းတုကို ပြေး၍ ပွေ့ဖက်လိုက်၏။ ကောင်းတုကား သူ၏ခေါ်သံကို ကြားနိုင်တော့မည် မဟုတ်ပါ။



လူရှယ်၏ ဓားတစ်ချက်ဖြင့်ပင် အသက်ပျောက်သွားပြီ ဖြစ်လေသည်။

ယုကွမ်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'သိကြသေးတာပေါ့'

ဟု ကြုံးဝါးကာ မြေပေါ်တွင် ကျနေသော ကောင်းတု၏ဓားကို ကောက်ယူကာ လူရှယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဤတွင်....

'ယား'

'တိုက်ကြဟေ့'

ပင်ကူအဖွဲ့သားများသည် ယုကွမ်းနှင့်အတူ လူရှယ်ထံပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

လူရှယ်က ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မြေကွက်လပ်တွင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

'စုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများသည်လည်း တစ်ခဲနက်ထွက်ပေါ်လာလေတော့သည်။

* * *

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာလေသည်။

လေထဲတွင် ညမွှေးပန်းရနံ့များ လွင့်ပျံ့လာသော်လည်း သွေးညှီနံ့သင်းနေသည်ဟု ထင်ရလေသည်။

မှန်ပေသည်။



မြေကွက်လပ်တွင် လဲကျသေဆုံးနေကြသော ပင့်ကူဂိုဏ်းသားများ၏ အလောင်းများဖြင့် ပြန့်ကျဲနေသည် မဟုတ်ပါလား။

အဖြူရောင်ဝတ် လူရွယ်ကား မလှုပ်မယှက် ရပ်နေသည်။

သူ၏ဓားသည် ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းထားပြီးဖြစ်သည်။

သူ၏အဖြူရောင်အဝတ်အစားများသည် လေထဲတဖျပ်ဖျပ်လူးလွန့်နေ၏။

သွေးများ စွန်းထင်းပေကျံနေခြင်း မရှိပါ။

တွန့်ကြေနေခြင်းမျိုး မရှိပါ။

သူ၏ ပုံပန်းသဏ္ဌာန်သည် ပန်းချီကားချပ်တစ်ခု အတွင်း၌ လေညင်းခံ ထွက်လာသူတစ်ယောက်အလား....

မြေပေါ်၌ လဲကျနေသော ပင့်ကူဂိုဏ်းသားများသည် သူနှင့်လားလားမျှ မသက်ဆိုင်သလို ရှိနေ၏။

လူရွယ်သည် ကောင်းကင်ပေါ်၌ ထိန်ထိန်သာနေသော လဝန်းကို ငေးမော၍ကြည့်လိုက်လေသည်။

ပြီးလျှင်....

'လုံလီ မင်း ဘယ်ရောက်သွားပြီလဲ'

ဟု ရေရွတ်လိုက်လေသည်။

သူက မည်သူ့အား တမ်းတနေပါသနည်း။

လူရွယ်၏မျက်လုံးများ ရီဝေလာလေသည်။

သူ၏မျက်ဝန်းအစုံဝယ် လဝန်းသည် ကွယ်ပျောက်သွားပြီး ထူးခြားသောပုံရိပ်များ ဖြစ်ပေါ်လာသည်။

လူရွယ်၏အတွေးများသည် လွန်ခဲ့သော ဆယ်နှစ်ကာလဆီသို့ ပြန်လည် ရောက်ရှိသွားလေတော့သည်။

* * *

## ဓားသမားစိတ်ဓာတ်

ဓားဂြဟာ....

ဓားဂြဟာသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဂြဟာတစ်ခု ဖြစ်လေသည်။

ဓားဂြဟာပိုင်ရှင်မှာ ကို့ကျောင်းနန် ဖြစ်သည်။

ကို့ကျောင်းနန်သည် အသက်ဆယ့်သုံးနှစ် အရွယ်ကပင် သိုင်းလောက၌ စတင်ခြေချကာ ဓားသမားတစ်ယောက်အဖြစ် ကျင်လည်ကျက်စားခဲ့သူ ဖြစ်သည်။

အသက်နှစ်ဆယ်အရွယ်တွင် ဝါဆန်းတောင်မှ နာမည်ကြီး ဓားသမားသုံးယောက်အား အနိုင်ယူနိုင်ခဲ့သည်။

ထိုအချိန်မှစပြီး နာမည်ကျော်ကြားလာခဲ့သည်။

ထိုနောင်ပိုင်းတွင် ထိပ်တန်းသိုင်းသမားကြီး အတော်များများကို အနိုင်ယူနိုင်ခဲ့ပြီး အသက်၊က သုံးဆယ်အရွယ်တွင် သိုင်းလောကတစ်ခုလုံး မသိသူမရှိသလောက် ကျော်ကြားလာသည်။

အသက်သုံးဆယ့်ငါးနှစ်တွင် ခေါးဂေဟာကို ထူထောင်ခဲ့ပြီး ယခု အသက်လေးဆယ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ကိုကျောင်းနန်၏ ထူးခြားထက်မြက်သော ခေါးပညာကြောင့် ထိုင်တိုက်ရင်ဆိုင်စံ့သူ မရှိသလောက် ဖြစ်သွားလေသည်။

ကိုကျောင်းနန်သည် တပည့်လက်သားများကို လက်ခံကာ သူ၏ခေါးပညာကို သင်ကြားပို့ချပေး၏။

နောင်တစ်နေ့တွင် သိုင်းလောက၌ သူ၏ခေါးပညာ ပြန့်ပွားသွားပြီး လွှမ်းမိုးတွင်ကျယ်ရမည်ဟု ကြွေးကြော်ထားသူလည်း ဖြစ်လေသည်။

ဝါရင့်သိုင်းသမားကြီးဖြစ်သော ကိုကျောင်းနန်သည် တစ်နေ့တွင် မရှုမလှ အရေးနိမ့် အရှက်ကွဲရမည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ဟု အိပ်မက်ပင် မမက်ဖူးချေ။

သို့သော်...



ထိုကဲ့သို့သောနေ့မျိုးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ကြုံတွေ့ခဲ့ရ၏။

ကိုကျောင်းနန်၏ ခေါးဂေဟာသို့ ဆင်းဆင်းအိ ရောက်ရှိလာခဲ့သည့်နေ့မှ အစပြုလေသည်။

* * *

ခေါးဂေဟာသည် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားသော ဂေဟာတစ်ခု ဖြစ်လေသည်။

ကိုကျောင်းနန်သည် စာဖတ်ခန်းအတွင်းမှနေပြီး ဂေဟာရှေ့ မြေကွက်လပ်တွင် ခေါးရေးလေ့ကျင့်နေသော တပည့်များကို ကြည့်ကာ ကျေနပ်နေမိလေသည်။

သူ၏တပည့်များသည် ခေါးဂေဟာမှ ထွက်ခွာပြီး သိုင်းလောကသို့ ခြေချလိုက်သည်နှင့် ထိပ်တန်းသိုင်းသမားများအဖြစ် ထင်ရှားကျော်ကြားလာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ကို့ကျောင်းနန်သည် တပည့်များကို ကြည့်နေရာမှ မမျှော်လင့်ဘဲ ထူးခြားမှုတစ်ခုကို အမှတ်မထင် တွေ့မြင်လိုက်လေသည်။

သူ့နည်းတူ ခါးရေးလေ့ကျင့်နေသူများအား စိတ်ဝင်စားစွာ ကြည့်ရှုနေသူ တစ်ယောက် ရှိနေသည်ကို မြင်မိလိုက်ခြင်း ဖြစ်သည်။

ထိုလူမှာ အဖြူရောင် ဝတ်ဆင်ထားသော လူငယ် တစ်ယောက် ဖြစ်သည်။

ခါးတစ်လက် ခါးချိတ်ကာ လက်နှစ်ဖက်ကို နောက်ပစ်လျက် အေးအေးလူလူ ကြည့်ရှုနေ၏။

ထိုလူငယ်မှာ မိမိ၏ တပည့်မဟုတ်သလို ခါးဂေဟာမှ လူတစ်ယောက် မဟုတ်ကြောင်းလည်း ကို့ကျောင်းနန်သတိပြုမိလိုက်၏။

ထို့ကြောင့် အိမ်ဖော်လုလင် တစ်ယောက်ကို ခေါ်ယူလိုက်ပြီး....

'ဟိုက အဖြူရောင်ဝတ်ထားတဲ့ လူငယ်ကိုတွေ့တယ်မဟုတ်လား၊ သူ့ကို ငါ့ဆီခေါ်ခဲ့စမ်း'

ဟု စေခိုင်းလိုက်လေသည်။



အိမ်ဖော်လုလင်က ထိုလူငယ်အား ချက်ချင်းပင် သွားရောက် ခေါ်ယူလာလေသည်။

ကို့ကျောင်းနန်က ဧည့်ခန်းထဲသို့ထွက်ကာ စောင့်နေလိုက်၏။

လူငယ် ရောက်လာသောအခါ...

'သူငယ်၊ မင်းဟာ ကျုပ်ရဲ့ခါးဂေဟာ ဝိုင်းနက်ထဲကို ခွင့်မတောင်းဘဲ ဘာကြောင့် ကျူးကျော်ဝင်လာတာလဲကွယ့်'

ဟု ပြောလိုက်လေသည်။

လူငယ်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်က ခွင့်တောင်းမလို့ပါဘဲ၊ ဒါပေမယ့် ဂေဟာထဲကိုရောက်တော့ ခါးသိုင်းလေ့ကျင့်နေသူတွေကို တွေ့ရတာနဲ့ စိတ်ဝင်စားပြီး ကြည့်နေမိတာကြောင့် ခွင့်တောင်းဖို့ သတိမေ့သွားပါတယ် ခင်ဗျာ'

ထိုစကားကြားလျှင် ကို့ကျောင်းနန် ကျေနပ်သွားလေသည်။

သူ သင်ပေးထားသော ခါးသိုင်းသည် အလွန်ထက်မြက်နေသဖြင့် လေ့ကျင့်သူမဆိုထားနှင့် နံဘေးမှ ကြည့်သူများပင် ပတ်ဝန်းကျင်ကို မေ့လျော့သွားရသည်မဟုတ်ပါလား။

ကို့ကျောင်းနန်က....

'ဪ...မင်းက ကျုပ်တပည့်တွေ လေ့ကျင့်နေတဲ့ဓား သိုင်းကို စိတ်ဝင်စားနေတာကိုး'

လူငယ်က....

'ဟုတ်ပါတယ် ခင်ဗျာ'

ကို့ကျောင်းနန်က....

'သူတို့ဟာ ဒီအဆင့်ထိရောက်လာအောင် သုံးနှစ်သုံးမိုး နေ့စဥ်မပြတ် လေ့ကျင့်ခဲ့ကြရတာ၊ မင်းက စိတ်ဝင်စား တယ်ဆိုရင် ကျုပ်ဆီမှာ တပည့်ခံပြီး သင်ကြားပါလား၊ မင်း ကြိုးစားမယ်ဆိုရင် ငါးနှစ်အတွင်း ထိပ်တန်း သိုင်း သမားတစ်ယောက် ဖြစ်လာရမယ်လို့ ကျုပ်အာမခံပါတယ်'

လူငယ်က ပြုံးလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် သင်ဖို့မလိုပါ ဘူးခင်ဗျာ'

'မင်းက ဓားသိုင်းကို စိတ်မဝင်စားဘူးဟုတ်လား'

'ကျွန်တော်က ဓားပညာကို အသက်လောက် တန်ဖိုး ထားပါတယ်ခင်ဗျာ'



ကို့ကျောင်းနန်က....

'ဒါဆို မင်း ဘာကြောင့် မသင်ချင်ရတာလဲ'

လူငယ်က....

'မလိုအပ်လို့ပါခင်ဗျာ'

'မလိုအပ်လို့'

'ဟုတ်ပါတယ်'

ကို့ကျောင်းနန်၏ မျက်လုံးများသည် လူငယ်၏ ခါးတွင် ချိတ်ထားသောဓားဆီသို့ ရောက်ရှိသွားလေသည်။

'မင်းက ဓားပညာတတ်မြောက်ထားတယ် ဟုတ်လား'

ဟု မေးလိုက်သည်။

လူငယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ကို့ကျောင်းနန်က ပြုံးလိုက်သည်။

'မင်းရဲ့ဓားသိုင်းက အတော်ကိုထက်မြက်မယ် ထင်တယ်'

လူငယ်က....

'ဟုတ်ပါတယ်'

ကို့ကျောင်းနန်က....

'မင်းဆရာက ဘယ်သူလဲ'

လူငယ် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မပြောပါရစေနဲ့ဗျာ'

'ဘာဖြစ်လို့လဲကွယ့်'

'ကျွန်တော် အသုံးမကျခဲ့ရင် ကျွန်တော့်ဆရာ နာမည် ပျက်သွားမှာ စိုးရိမ်လို့ပါ'

ကို့ကျောင်းနန်က ရယ်မောလိုက်လေသည်။

'ဒီလိုဆိုတော့လဲ မင်းဟာ ဆရာ့ကျေးဇူး သိတတ်တဲ့ တပည့်ကောင်းတစ်ယောက်ပါပဲ၊ တော်ပါတယ်ကွယ်'

လူငယ်က ဘာမှမပြောဘဲ သူ့အား စိုက်ကြည့်နေ၏။

ကို့ကျောင်းနန်က....

'ကဲ....ကဲ....ဓားဂေဟာကို ဘယ်လို အကြောင်းကိစ္စနဲ့ ရောက်လာရတယ်ဆိုတာ ပြောပါဦး'



ဟု မေးလိုက်သည်။

လူငယ်က....

'ကျွန်တော်က ဓားဂေဟာရဲ့ ဓားပညာကို လေ့လာချင်လို့ပါ'

'ဟော'

မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် ကို့ကျောင်းနန်သည် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ဓားပညာလေ့လာလိုသည်ဟူသော စကားမှာ နားဝင်ချိုအောင်၊ စကားလှအောင် ပြောလိုက်ခြင်းမျိုးသာ ဖြစ်ပါသည်။

ဓားပညာချင်းယှဉ်ပြိုင်ရန် စိန်ခေါ်သည့်သဘော သက်ရောက်နေသည် မဟုတ်ပါလား။

ကို့ကျောင်းနန်သည် လူငယ်ကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'မင်းက ငါ့ရဲ့ဓားပညာကို လေ့လာချင်တယ်ဟုတ်လား' ဟု သေချာအောင် ထပ်မေးလိုက်လေသည်။

လူငယ်က....

'ဟုတ်ပါတယ် ခင်ဗျာ'

ပွင့်ပွင့်လင်းလင်းပင် ပြောလာလေသည်။

ကို့ကျောင်းနန် ဒေါပွသွားလေတော့သည်။

'မင်း....မှင်း'

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်ပြီး တက်တစ်ချက်ခေါက်လိုက်သည်။

တစ်ဖန်....

'မင်းက ဓားဂေဟာကို လာပြီး စော်ကားတာကိုး၊ ဒုက္ခ ရောက်ချင်ပြီထင်တယ်'

ဟု ငေါက်လိုက်လေသည်။

လူငယ်က....

'ကျွန်တော်က စော်ကားတာမဟုတ်ပါဘူးခင်ဗျာ၊ ဓား ဂေဟာရဲ့ဓားပညာနဲ့ ကျွန်တော့်ရဲ့ဓားပညာ ဘယ်သူက ပိုပြီး ကောင်းမွန်တယ်ဆိုတာ သိချင်လို့ပါ'

ဟု တည်ကြည်သောမျက်နှာဖြင့် ပြောလေသည်။



ကို့ကျောင်းနန်က....

'မင်းနာမည် ဘယ်လိုခေါ်သလဲပြောစမ်း'

လူငယ်က....

'ဆင်းဆင်းအိလို့ ခေါ်ပါတယ် ခင်ဗျာ'

ကို့ကျောင်းနန်က....

'မင်းရဲ့ဓားပညာဟာ ဓားဂေဟာထက်သာတယ်လို့ ယူဆထားတယ်ပေါ့ ဟုတ်လား'

လူငယ်(ဝါ)ဆင်းဆင်းအိက....

'ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာက သူသင်ပေးလိုက်တဲ့ဓား ပညာဟာ သိုင်းလောကမှာ ယှဉ်ပြိုင်နိုင်တဲ့သူ အတော်ကို ရှားပါးလိမ့်မယ်လို့ပြောပါတယ်'

'ဟား....ဟား....ဟား'

ကို့ကျောင်းနန်က ဟားတိုက်ရယ်မောလိုက်လေသည်။

'မင်းက ဒီလောက်တောင် အပြောကြီးနေမှတော့ ဓား ဂေဟာရဲ့ဓားသိုင်းကို လက်တွေ့ပြရသေးတာပေါ့၊ ကဲ....ဟော့ ငါ့ရဲ့ဓားကို ယူခဲ့ကြစမ်း'

သူ၏လက်သုံးတော်ဓားကို တောင်းလိုက်သည်။

သူက ဆင်းဆင်းအိနှင့် ဓားပညာယှဉ်ပြိုင်တော့မည် ဖြစ်လေသည်။

* * *

ကို့ကျောင်းနန်၏ တပည့်များသည် ကို့ကျောင်းနန်၏ လက်သုံးတော်ဓားကို ယူပေးကြလေသည်။

ကို့ကျောင်းနန်က ဓားကိုဆွဲကာ ဆင်းဆင်းအို့ကို စိုက်ကြည့်လိုက်ပြီး...

'တဲ...မင်းက ငယ်သည်ဆိုတော့ မင်းကို အခွင့်အရေးပေးလိုက်မယ်၊ မင်းက အရင်စပြီး တိုက်ခိုက်ပါ၊ ကျုပ်က ဓားကွက်ဆယ်ကွက် အကျောပေးမယ်'

ဟု ပြောလိုက်လေသည်။

ဆင်းဆင်းအိက ခေါင်းခါယမ်းလိုက်လေသည်။



'ကျွန်တော် ဓားကွက်အကျော မလိုချင်ပါဘူးခင်ဗျာ'

'ဘာကွ'

'ကျွန်တော်က ဓားကွက်အကျောရလို့ အနိုင်ရတယ်ဆိုတဲ့ အဖြစ်မျိုးကို မလိုချင်လို့ပါ'

'တောက်'

ကို့ကျောင်းနန်က တက်ခေါက်လိုက်ပြန်လေသည်။

ဆင်းဆင်းအိသည် သူ့အား တမင်အရှက်ခွဲကာ စော်ကားနေသည်ဟု ယူဆကာ....

'ကောင်းပြီ၊ သိုင်းကွက် အကျောမယူဘူးဆိုရင်လဲ မင်းတိုက်နဲ့ မင်းကံပေါ့၊ ကဲ...စပေတော့'

ဟု ဓားငေ့ယမ်းကာ ပြောလိုက်သည်။

ဆင်းဆင်းအိက စပြီး တိုက်ခိုက်ခြင်းမပြုလျှင် သူက စပြီး တိုက်ခိုက်တော့မည် ဖြစ်လေသည်။

ဆင်းဆင်းအိက....

'ကျွန်တော့်ရဲ့ဓားကွက်လာပြီ၊ သတိထားပါခင်ဗျာ'

ဟု သတိပေးရင်း ခါးမှဓားကိုဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်သည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ဆင်းဆင်းအိ၏ဓားသည်မြွေဟောက်တစ်ကောင်ပမာ ကို့ကျောင်းနန်ထံသို့ တိုးဝင်သွားလေသည်။

ကို့ကျောင်းနန်သည်လည်း ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သို့သော်....

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်သည်နှင့် ဆင်းဆင်းအိ၏ ဓားသည် ကို့ကျောင်းနန်၏ ဓားကွက်ကို ထိုးဖောက်ကာ ကို့ကျောင်းနန်၏ရင်ဝကိုထောက်ထားပြီးသား ဖြစ်သွားလေတော့သည်။

'ဟာ'

မမျှော်လင့်သော အဖြစ်ကြောင့် ကို့ကျောင်းနန် လွှတ်ခနဲ အော်လိုက်မိသည်။

'ခြွမ်း'



သူ၏လက်ထဲမှ ဓားသည်လည်း ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားလေသည်။

ဆင်းဆင်းအိက သူ၏ဓားကို ပြန်၍ရုပ်သိမ်းလိုက်သည်။

ကျော်ကြားလှသည့် ဓားဂေဟာရှင်ကြီး ကို့ကျောင်းနန်အား အနိုင်ရလိုက်သော်လည်း ဝမ်းသာသည့် အရိပ်အယောင် လုံးဝ မတွေ့ရပါ။

ဝမ်းသာခြင်း ဝမ်းနည်းခြင်းသည် ဓားပညာယှဉ်ပြိုင်မှုနှင့်မဆိုင်ဟု သဘောထားပုံရလေသည်။

ဆင်းဆင်းအိက....

'ခင်ဗျား ရှုံးသွားပြီ'

ဟု ပြောလိုက်သည်။

ကို့ကျောင်းနန် မတတ်သာတော့ပါ။

'ဟုတ်ဘယ်၊ ကျုပ်ရှုံးသွားပြီ၊ ခုလိုအဖြစ်မျိုးနဲ့ကြုံတွေ့ရလိမ့်မယ်လို့ ကျုပ်ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး'

ဆင်းဆင်းအိက....

'ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွား၏။

ကို့ကျောင်းနန်ကား တားမြစ်ခြင်း မပြုမိပေ။

တရွေ့ရွေ့ထွက်သွားသော ဆင်းဆင်းအိ၏ကျောပြင်ကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

*　　*　　*

ဆင်းဆင်းအိ။

သိုင်းလောကတွင် ဓားသမား ဆင်းဆင်းအိဟူသော အမည်မှာ တစ်စထက်တစ်စ ကျော်ကြားလာလေသည်။

ဆင်းဆင်းအိသည် တစ်နှစ်တာ ကာလအတွင်း သိုင်းလောက၌ အကျော်ကြားဆုံးဆိုသော ဓားသမား ဆယ်ယောက်မက ယှဉ်ပြိုင် အနိုင်ယူနိုင်ခဲ့လေသည်။

ထို့ကြောင့်....



ဓားသမားဟု အမည်ခံထားကြသော သိုင်းသမားများသည် သူတို့ထံသို့ ဆင်းဆင်းအိ ရောက်လာမည့်အရေးကို တွေးတောကာ စားမဝင်အိပ်မပျော် ဖြစ်နေကြလေတော့သည်။

လူငယ်လူရွယ်များသည် ဆင်းဆင်းအိကို အားကျမိကြလေသည်။

သို့သော်....

လျှမ်းလျှမ်းတောက် ကျော်ကြားမှုမျိုးကို ဆင်းဆင်းအိက သဘောမကျနိုင်အောင် ဖြစ်နေရသည်ကို မည်သူမျှ သိနိုင်ကြလိမ့်မည်မဟုတ်ပေ။

ဆင်းဆင်းအိသည် အဘယ်ကြောင့် ကျော်ကြားမှုကို မနှစ်မျိုနိုင်အောင် ဖြစ်နေရပါသနည်း။

*　　*　　*

'ဂျိမ်း….'

မှိုးခြိမ်းသံ ထွက်ပေါ်လာလေသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ် လျှပ်ပန်းများ ဝင်းလက်သွားလေသည်။

လေပြင်းများ တဟူးဟူးမြည်ကာ တိုက်ခတ်လာ၏။

ကောင်းကင်ပေါ်တွင် တိမ်ညို တိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာသည်။

အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလိုက်ပြီ ဖြစ်သည်။

မကြာမီ မိုးသက်လေပြင်း ကျရောက်လာတော့မည် ဖြစ်လေသည်။

ထိုအချိန်တွင်….

အဖြူရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် လမ်းကြားကလေးအတွင်းသို့ ခပ်သုတ်သုတ်ဝင်ရောက်လာလေသည်။

ထိုလူငယ်မှာ ဆင်းဆင်းအိ ဖြစ်လေသည်။



ဆင်းဆင်းအိသည် ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

မလှမ်းမကမ်း၌ ဆိုင်တံခါးတစ်ခြမ်း ဖွင့်ထားသော အရက်ဆိုင်လေးတစ်ဆိုင် ရှိနေသည်ကို တွေ့ရလေသည်။

ဆင်းဆင်းအိ ဝမ်းသာသွားလေသည်။

အရက်ဆိုင်လေးဆီသို့ ခပ်သုတ်သုတ် လှမ်းသွားလိုက်၏။

ထို့နောက် အရက်ဆိုင်လေးထဲသို့ လှမ်းဝင်သွားလိုက်လေသည်။

အရက်ဆိုင်ထဲ၌ လူရှင်းနေပါသည်။

ချောင်ကျကျ စားပွဲတစ်လုံး၌ထိုင်ကာ အရက်သောက်နေသော အဘိုးအိုတစ်ယောက်သာ ရှိနေ၏။

ထိုအဘိုးအိုသည် ဖာထေးရာဗရပွရှိသော ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူ၏ဆံပင်များမှာ ဆွတ်ဆွတ်ဖြူဖွေးနေ၏။

အရိုးပေါ်အရေတင် ပိန်လှီလှသော အဘိုးအိုဖြစ်လေသည်။

ထိုအဘိုးအိုအား တွေ့လိုက်ရလျှင် ဆင်းဆင်းအိ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပသွားသည်။

ဆင်းဆင်းအိသည် အဘိုးအိုထံသို့ လှမ်းသွားလိုက်လေသည်။

အဘိုးအိုက သူ့အား မော့ကြည့်လာသည်။

သို့သော်....

စကားတစ်လုံးမျှမပြောဘဲ အရက်ငှဲ့သောက်နေ၏။

အရက်ကုန်သွားမည်ကို စိုးရိမ်နေသည့်အလား တစ်ငုံသောက်လိုက် မျက်လုံးမှိတ်ကာ အရသာခံလိုက်၊ နောက်ထပ်တစ်ငုံသောက်လိုက် အရသာခံလိုက်ဖြင့် ရှိနေသည်။

ဆင်းဆင်းအိက ဦးညွှတ်လိုက်ပြီး....

'ကျွန်တော့်ကို ဦးရဲ့စားပွဲမှာ ထိုင်ခွင့်ပြုပါခင်ဗျာ'

ဟု ခွင့်တောင်းလိုက်လေသည်။

အဘိုးအိုက မျက်လုံးတစ်ဖက်သာ ဖွင့်ကြည့်လာပြီး...

'ထိုင်ပေါ့'



ဟု မပွင့်တပွင့် ပြောသည်။

ထို့နောက် မျက်လုံးမှေးကာ အရက်အရသာခံနေလိုက်လေသည်။

အရက်ဆိုင်လေးအတွင်း၌ စားပွဲလေးငါးလုံး ရှိပြီး လူရှင်းနေသော်လည်း ဆင်းဆင်းအိက အဘိုးအို၏စားပွဲကိုမှရွေးကာ အဘယ်ကြောင့် ထိုင်လိုရပါသနည်း။

အကြောင်းတစ်ခုတော့ ရှိရပေမည်။

ထိုအချက်ကို မည်သူမဆိုတွေးမိကြမည်ဖြစ်သလို အဘိုးအိုလည်း တွေးမိလိမ့်မည်ဖြစ်လေသည်။

အဘိုးအိုက တွေးမိသည့်တိုင် ထုတ်ဖော်ပြောမည့် လူစားမျိုး မဟုတ်ပေ။

ဆင်းဆင်းအိက အဘိုးအိုနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ချလိုက်လေသည်။

ပြီးလျှင်....

'ကျုပ်အတွက် အကောင်းဆုံး အရက်တစ်အိုး ပေးပါ'

ဟု ဆိုင်လုလင်ကိုမှာကြားလိုက်လေသည်။

'ကောင်းပါပြီ ခင်ဗျာ'

ဆိုင်လုလင်သည် ဈေးအကြီးဆုံးအရက်တစ်အိုးကို ချက်ချင်းလာချပေးလေသည်။

ဆင်းဆင်းအိက အရက်အိုးကို အဖုံးဖွင့်လိုက်သည်။

အရက်နံ့ ထောင်းခနဲ ထသွားသဖြင့် ဆင်းဆင်းအိ နှာခေါင်းမရှုံ့မိအောင် မနည်းသတိထားလိုက်ရလေသည်။

သို့သော်....

'မွှေးလိုက်တဲ့အရက်'

အဘိုးအို၏ စကားသံ ထွက်ပေါ်လာလေသည်။

ဆင်းဆင်းအိက ကြည့်လိုက်သောအခါ အဘိုးအိုသည် သူ့အား ပြုံးပြနေသည်ကို တွေ့လိုက်ရလေသည်။

ဆင်းဆင်းအိကလည်း ပြန်လည်ပြုံးပြလိုက်သည်။

အဘိုးအိုက....

'ဒါ....မျောက်သွေးစိမ်ထားတဲ့ အရက်ကွ၊ ထိပ်တန်းစားသောက်ဆိုင်ကြီးတွေက ပန်းပေါင်းစုံ အရက်ထက်



ဆယ်ဆသာတဲ့ အရက်ပေါ့၊ ဘယ်သူတွေ ဘာပြောပြော ငါကတော့ မျောက်သွေးအရက်ကို အကြိုက်ဆုံးပဲ'

ဟု ပြောလာလေသည်။

ဆင်းဆင်းအိက....

'ဦးကြီးကြိုက်ရင် သောက်ပါလားဗျာ၊ ကျွန်တော် တိုက်ပါရစေ'

အဘိုးအိုက....

'မင်း တကယ်ပြောလား'

'တကယ်ပါ'

'ကောင်းပြီ'

အဘိုးအိုသည် အားနာခြင်း အလျဉ်းမရှိ။ အရက်အိုးကို ဆွဲယူကာ အိုးလိုက်မော့သောက်လိုက်လေသည်။

ဆင်းဆင်းအိက ဘာမျှမပြောဘဲ ကြည့်နေလိုက်၏။

အဘိုးအိုက အရက်တစ်အိုးလုံးကုန်အောင် တဂွတ်ဂွတ် မော့သောက်ပစ်လိုက်လေသည်။

ပြီးလျှင် နှုတ်ခမ်းထောင့်မှစီးကျလာသော အရက်များကို လျှာဖြင့်သိမ်းရင်း ကုန်သွားသည့် အရက်အိုးကို နှခြမြားစွာ ကြည့်ရင်း....

'ကောင်းလိုက်တဲ့ အရက်'

ဟု ချီးကျူးလိုက်လေသည်။

ဆင်းဆင်းအိက....

'ဦးက ထပ်သောက်ချင်သေးတယ်ဆိုရင် ကျွန်တော် တိုက်ပါဦးမယ်'

ဟု ပြောလိုက်သည်။

အဘိုးအို၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွား၏။

'မင်း တကယ်ပြောတာလား'

ဆင်းဆင်းအိက ဆိုင်လုလင်ကိုခေါ်ကာ အရက်ထပ်မှာပေးလိုက်လေသည်။

အဘိုးအိုသည် ဆင်းဆင်းအိမှာပေးသမျှ အရက်များကို တစ်အိုးပြီးတစ်အိုး သောက်ပစ်လိုက်လေသည်။



အရက်ငါးအိုးသောက်ပြီးသောအခါမှ...,

'တော်ပြီ....တော်ပြီ၊ ဒီလောက်ဆို တော်လောက်ပါပြီ'

ဟု ပြောလာလေသည်။

ဆင်းဆင်းအိ ပြုံးလိုက်သည်။

'ဦးသောက်ချင်သေးတယ်ဆိုရင် ကျွန်တော် ထပ်မှာပေးပါဦးမယ် ခင်ဗျာ'

အဘိုးအို လက်ကာပြလိုက်သည်။

'တော်ပါပြီ၊ ဒီလောက်ဆို တော်လောက်ပါပြီ၊ ကဲ.... မင်းက ဘာကြောင့် ကျုပ်ကို အရက်တိုက်ချင်ရတာလဲ၊ ကျုပ်ဆီက ဘာကိုလိုချင်သလဲ ပြောပါ'

ဟု မေးလာလေသည်။

ဆင်းဆင်းအိက....

'ကျွန်တော်က ဦးကိုအရက်တိုက်တာဟာ ဦးဆီက တစ်စုံတစ်ခု လိုချင်လို့ တိုက်တာလို့ဦးထင်နေတာလား'

အဘိုးအိုက....

'ဟုတ်တယ်လေ၊ မင်းက ငါ့ကိုလာရှာတယ်ဆိုတာ ထင်ရှားနေတာဖဲ၊ ငါ့ကို အရက်တိုက်မှ လိုချင်တာ ရမယ်ဆိုတာ မင်းသိနေတာလဲ ထင်ရှားနေတာပဲ'

အဘိုးအိုသည် အရက်မည်မျှပင်သောက်သောက် မူးသွားမည့်သူမဟုတ်သလို အလွန်အကင်းပါးသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ဆင်းဆင်းအိက....

'ဟုတ်ပါတယ်၊ ကျွန်တော် ဦးကို လာရှာတာပါ၊ ဦးကို မေးစရာတစ်ခုရှိလို့ပါ'

ဟု ပြောလိုက်သည်။

အဘိုးအိုက ရယ်မောလိုက်လေသည်။

'ဒုက္ခပဲပါပဲကွာ၊ ငါက အရက်သမားကြီး တစ်ယောက်ပါကွာ၊ ဘယ့်နှယ် သိုင်းလောကသားတွေကတော့ ငါ့ကို မသိတာဘာမှမရှိတဲ့ ပညာရှင်ကြီး တစ်ယောက်လို့ ထင်နေကြတယ်၊ တချို့က နတ်မျက်စိလို့တောင် ကင်ပွန်းတပ်ကြသေးတယ်၊ အတော့်ကို ရယ်စရာကောင်းတာပဲ၊ ဟား....ဟား....ဟား....'

ဆင်းဆင်းအိ ပြုံးလိုက်လေသည်။



ထိုအဘိုးအိုမှာ သိုင်းလောက၏အကြောင်းအရာများကို မသိဟူ၍ မရှိသလောက် ထင်ရှားကျော်ကြားနေသော နတ်မျက်စိဆိုသူ ဖြစ်လေသည်။

သူက တိုနတ်မျက်စိအဘိုးအိုအား သုံးလတိုင်တိုင်လိုက်လံရှာဖွေပြီးမှ ယခုကဲ့သို့ တွေ့ရခြင်းဖြစ်လေသည်။

အဘိုးအိုသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ....

'ထားပါတော့လေ၊ မင်းက ဘာတွေများ သိချင်လို့လဲ ပြောစမ်းပါဦး'

ဟု ပြောလိုက်လေသည်။

ဆင်းဆင်းအိက....

'ကျွန်တော်က ဓားပညာနဲ့ပတ်သက်လို့ သိချင်တာပါ ခင်ဗျာ'

အဘိုးအိုက....

'ဟာ....ငါက သိုင်းသမားမှမဟုတ်တာ၊ ဘယ်လိုလုပ်ပြီး ပြောပြတတ်မှာလဲကွ'

ဆင်းဆင်းအိက....

'ကျွန်တော် လောကြီးသွားလို့ပါ၊ ကျွန်တော် သိချင်တာဟာ သိုင်းလောကမှာ ဓားပညာနဲ့ ပတ်သက်လာရင် ဘယ်သူအတော်ဆုံးလဲဆိုတာ သိချင်တာပါ'

အဘိုးအို မျက်မှောင်ကြုတ်သွားလေသည်။

'မင်းရဲ့မေးခွန်းက တစ်မျိုးကြီးပါလားကွ၊ သိုင်းပညာဆိုတာ တောင်တွေလိုပဲ၊ မြင့်တယ်ဆိုတဲ့တောင်ထက် ပိုမြင့်တဲ့တောင် ရှိနေသေးတယ် ခန့်မှန်းရခက်တယ်၊ အဆုံးအစမရှိတဲ့ ပညာရပ်မျိုးပေါ့၊ ဘယ်သူ့ပညာက အကောင်းဆုံးလို့ ပြောဖို့ခက်တယ်၊ တကယ့်ပညာရှင်တွေတောင်မှ တိတိကျကျ ဖြေနိုင်ကြမှာ မဟုတ်ဘူး'

ဆင်းဆင်းအိက....

'ဦး ပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်သိချင်တာက သိုင်းလောကတစ်ခုလုံးက လက်ခံထားကြတဲ့ အတော်ဆုံး ဓားသမားဟာ ဘယ်သူဘယ်ဝါဆိုတာ သိချင်တာပါ'

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'မင်းက ဒီလိုမေးရင်တော့ ငါလဲဖြေလို့ရပါတယ်၊ သိုင်းလောက တစ်ခုလုံး လက်ခံထားကြတဲ့ အတော်ဆုံး ဓားသမားကတော့ ဓားကျွန်းပိုင်ရှင်သခင်လေးလုံလီပါပဲ'



ဟု ပြောလေသည်။

ဆင်းဆင်းအိ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

'ဓားကျွန်းပိုင်ရှင် သခင်လေးလုံလီ'

'ဟုတ်တယ်လေ'

'သူက ဘယ်လိုလူစားမျိုးလဲ'

အဘိုးအို ရယ်မောလိုက်လေသည်။

'သိပ်တော်တဲ့ လူတစ်ယောက်ပေါ့'

ဆင်းဆင်းအိ ပြုံးလိုက်လေသည်။

'ဦးက သခင်လေးလုံလီရဲ့ အကြောင်းကို အတော်များများ သိထားမယ် ထင်ပါတယ်'

အဘိုးအိုက....

'အေး....မင်းက ငါ့ကို မြှောက်ပင့်ပေးပြီး စကားနှိုက်ဖို့ မကြိုးစားနဲ့၊ တခြားလူတွေအကြောင်းကို သိချင်သာသိမယ်၊ ဓားကျွန်းအကြောင်းကို ငါလဲ သိုင်းလောကသားတွေသိကြသလောက်ပဲ သိထားတာကွ'

ဆင်းဆင်းအိက....

'သူတို့ဟာ အခ်မတန် လျှို့ဝှက်တဲ့လူတွေ ဖြစ်နေလို့လား'

အဘိုးအိုက...

'လျှို့ဝှက်တဲ့လူတွေတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သိုင်းလောကနဲ့ ခပ်ကင်းကင်းနေကြတော့ သူတို့အကြောင်းကို လူသိနည်းတာပေါ့'

'ဩော်...'

'ဒါပေမယ့် အထင်တော့မသေးနဲ့၊ ဓားပညာနဲ့ ပတ်သက်လာရင် ဓားကျွန်းကို ဘယ်သူမှမမီဘူးလို့ လူတိုင်းက လက်ခံထားကြတာကွ'

ဆင်းဆင်းအိက....

'ကျွန်တော်လဲ လက်ခံချင်ပါတယ်ဗျာ'

'အေး....မင်း လက်မခံချင်ဘူးဆိုရင်လဲ ဓားကျွန်းကိုသွားပေါ့'

'ဟုတ်ကဲ့၊ ကျွန်တော် သွားမယ်လို့ စိတ်ကူးထားပါတယ်'

'ဟေ'





အဘိုးအို မျက်လုံးပြူးသွားလေသည်။

ဆင်းဆင်းအိကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'မင်းက ဓားကျွန်းကိုသွားမယ် ဟုတ်လား'

ဟု မေးလေသည်။

ဆင်းဆင်းအိက....

'ဟုတ်ပါတယ်'

'မင်း ဘာသွားလုပ်မှာလဲ'

'သူတို့ရဲ့ ဓားပညာဟာ တကယ်ပဲပြိုင်ဘက်ကင်းတယ်ဆိုတာ ဟုတ်မဟုတ် လက်တွေ့စမ်းသပ်ကြည့်မလို့ပါ'

'မင်းက သခင်လေးလုံလီနဲ့ ဓားပညာ ယှဉ်ပြိုင်ချင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး၊ မင်းက ဘာကြောင့် ယယ်ယယ်ရှယ်ရှယ်နဲ့သေချင်ရတာလဲ'

ဆင်းဆင်းအိကာ ဘာမှမပြောဘဲ နေလိုက်လေသည်။

အဘိုးအိုက....

'သူတို့နေတဲ့ကျွန်းကို ဘာကြောင့် ခေါးကျွန်းလို့ခေါ်ကြတယ်ဆိုတာကော မင်းသိသလား'

ဆင်းဆင်းအိုက ပြုံး၍သာနေ၏။

အဘိုးအိုက....

'သိုင်းလောကသားဆိုတာ အင်မတန် ခေါင်းမာတဲ့လူစားမျိုးတွေလို့ ပြောလို့ရတယ်၊ ခေါးကျွန်းရဲ့ ခေါးပညာပိုင်ဘက်ကင်းမှန်း သိလျက်နဲ့ လက်တွေ့သွားပြီး စမ်းသပ်ကြည့်ချင်ကြတယ်၊ ဒါပေမယ့် ခေါးကျွန်းကိုသွားပြီး ခေါးပညာပြိုင်တဲ့လူတိုင်း ခေါးကျွန်းက ပြန်မလာနိုင်ကြတော့ဘူး၊ သူတို့ကိုင်ဆောင်တဲ့ ခေါးတွေဟာ သူတို့ရဲ့အလောင်းတွေနဲ့အတူ ခေါးကျွန်းပေါ်မှာပဲ မြှုပ်နှံသင်္ဂြိုဟ်လိုက်ရတယ်၊ ဒါကြောင့် ခေါးကျွန်းလို့ ခေါ်ကြတာပဲ'

ဆင်းဆင်းအိက....

'ဦး ဒီလိုပြောပြမှပဲ ကျွန်တော် ပိုပြီးသွားချင်စိတ်ဖြစ်ပေါ်လာပါတော့တယ်ဗျာ'



ထိုစကားကြားလျှင် အဘိုးအိုသည် သေပါတော့ဟု ညည်းတွားကာ သူ၏နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင်ရိုက်ချလိုက်လေတော့သည်။

ဆင်းဆင်းအိက ဆိုင်လုလင်ကို ခေါ်ကာ နောက်ထပ်အရက်ငါးအိုး မှာကြားပေးလိုက်သည်။

ကျသင့်ငွေကိုလည်း တစ်ခါတည်း ပေးချေလိုက်သည်။

ထို့နောက်....

'ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ'

ဟု အဘိုးအိုကို နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

'ခြွမ်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

လေပြင်းများလည်း တိုက်ခတ်လာသည်။

မိုးသက်လေပြင်း ကျရောက်လာလေသည်။

ဆင်းဆင်းအိုက ဘာကိုမှ ဂရုမစိုက်ဘဲ ဆိုင်ထဲမှ ထွက်သွားလေသည်။

အဘိုးအိုကား ဆင်းဆင်းအိ ထွက်သွားသော ဆိုင်တံခါးပေါက်ဆီသို့ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

*　　*　　*



ခေါးကျွန်း။

ခေါးကျွန်းသည် ကျော်ကြားလှသော စီးဝူကန်၏တောင်ဘက်အရပ်တွင် တည်ရှိလေသည်။

ကျန်းနန်နယ်သို့ ရောက်လာလျှင် မည်သူ့ကို မေးမေး ခေါးကျွန်းကို လမ်းညွှန်ပေးကြလိမ့်မည်သာ ဖြစ်လေသည်။

လူတိုင်းလူတိုင်းလိုလိုသည်ခေါးကျွန်းကိုသိနေကြပေတော့သည်။

ထို့ကြောင့်လည်း ဆင်းဆင်းအိသည် စီးဝူကန်သို့ရောက်လာသောအခါ ခေါးကျွန်းသို့ လိုက်လံပို့ဆောင်ပေးမည့် ကူးတို့လှေတစ်စီးအား အလွယ်တကူ ရှာဖွေရရှိခဲ့လေသည်။

ကန်ရေပြင်မှာ ကြည်စိမ်းနေသည်။

လေပြည်လေညင်း ဇော့ယမ်း တိုက်ခတ်လာသောအခါ လှိုင်းကြက်ခွပ်ကလေးများ ထသွားလေသည်။

ဆင်းဆင်းအိက လှေဦးတွင် ထိုင်နေသည်။

လှေသမားက လှေကို အားစိုက်လှော်ခတ်နေ၏။

လှေကလေးသည် ရေပြင်ပေါ်တွင် တရိပ်ရိပ်ရွေ့လျားသွားလေသည်။

စီးဝူကန်၏ တောင်ဘက်သို့ ဦးတည် လှော်ခတ်သွားရာ များမကြာမီ အရှေ့ဘက်တွင် စိမ်းလန်းသာယာသော ကျွန်းကလေးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

လှေသမားက....

'ရှေ့ကမြင်နေရတာ ခေါ်းကျွန်းပေါ့'

ဟု ပြောလာ၏။

ဆင်းဆင်းအိ၏ရင်ထဲ လှုပ်ရှားသွားလေသည်။

ခေါ်းကျွန်း။



လာရောက် ယှဉ်ပြိုင်သူများအတွက် ပြန်လမ်းမရှိသော ကျွန်း။

ယှဉ်ပြိုင်ရန်လာသူများ၏ ခေါ်းများ ချန်ထားခဲ့ရသည့် ကျွန်း။

ကျော်ကြားလှသော ခေါ်းကျွန်းသို့ ရောက်ရတော့မည်ဖြစ်လေသည်။

ဆင်းဆင်းအိက...

'မြန်မြန်လှော်ပါဗျာ'

ဟု လောဆော်လိုက်မိလေသည်။

လှေသမားက....

'ကောင်းပါပြီ ဆရာလေး'

ဆင်းဆင်းအိ စိတ်တိုင်းကျ အားစိုက် လှော်ခတ်လိုက်ရာ မကြာပါချေ။

ခေါ်းကျွန်း၏ကမ်းခြေသို့ ဆိုက်ကပ်မိလိုက်လေသည်။

ဆင်းဆင်းအိက ကမ်းပေါ်သို့ခုန်တက်လိုက်သည်။

လှေသမားအတွက် ကူးတို့ခ ပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဆရာလေး'

လှေသမားသည် ချက်ချင်းပင် လှေကို ပြန်လည်လှော်ခတ်သွားလေသည်။

ဆင်းဆင်းအိက ကမ်းစပ်၌ရပ်ကာ လှေကလေး ပျောက်ကွယ်သွားသည်အထိ ကြည့်နေလိုက်၏။

အကြောင်းကား....

ဓားကျွန်းသခင်းလေး လုံလီကို အနိုင်ရလျှင်ရ၊ အနိုင်မရလျှင် ဓားကျွန်း၌ပင် အသက်စွန့်ရန် ဆုံးဖြတ်ထားခြင်းကြောင့်ဖြစ်လေသည်။

လှေကလေး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ဓားကျွန်း အတွင်းဘက်သို့ ဝင်လာခဲ့လေသည်။

ဓားကျွန်းသည် စိမ်းလန်းသောသစ်ပင်များ၊ ရောင်စုံပန်းများဖြင့် အလွန်သာယာလှပသော ကျွန်းတစ်ကျွန်း ဖြစ်ပေသည်။

ကျေးငှက်သာရကာလေးများသည် ဟိုသည် ပျံဝဲနေကြ၏။



ဘာသာဘာဝတေးကို သီကြွေးနေကြ၏။

ဆင်းဆင်းအိသည် ဟိုဟိုသည်သည်ငေးမောရင်း လျှောက်လှမ်းလာခဲ့ရာ ဓားကျွန်းအလယ်ပိုင်းသို့ ရောက်ရှိလာလေသည်။

ဤတွင်....

နေချင့်စဖွယ်ကောင်းသော အဆောက်အအုံတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဆင်းဆင်းအိ ပင့်သက်ရှိုက်လိုက်သည်။

ဓားကျွန်းပိုင်ရှင်၏အိမ်ဂေဟာကို တွေ့မြင်လိုက်ရပြီမဟုတ်ပါလား။

ဆင်းဆင်းအိက ခပ်သွက်သွက်လျှောက်သွားလိုက်၏။

မကြာပါချေ။

လှပသောအဆောက်အအုံရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လူရိပ်လူယောင် မတွေ့ရသလို လူသံမကြားရချေ။

ဤအဆောက်အအုံတွင် လူမှုရှိပါလေစဟု ဆင်းဆင်းအိ သံသယဝင်လာလေသည်။

ထိုစဉ်....

'အဟမ်း'

ဓါတ်တစ်နေရာမှ ချောင်းဟန့်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆင်းဆင်းအိ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကပျာကယာ လှည့်ကြည့်လိုက်၏။

ထိုအခါ....

ဝဲဘက်ရှိပန်းခင်းထဲမှ အဘိုးအိုတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အဘိုးအိုသည် ဆင်းဆင်းအိထံသို့ လှမ်းလာပြီး....

'မောင်ရင်လေးက ဧည့်သည်ထင်ပါရဲ့'

ဟု ပြောလာလေသည်။



ဆင်းဆင်းအိက....

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က ဆင်းဆင်းအိပါ၊ ခါးကျွန်းပိုင်ရှင် သခင်လေးလုံလီနဲ့တွေ့ဖို့ လာခဲ့တာပါ'

အဘိုးအိုသည် ဆင်ဆင်းအိအား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်လေသည်။

ပြီးလျှင် အလွန်ဝမ်းနည်းကြေကွဲသောလေသံဖြင့်....

'သခင်လေးကို တွေ့ချင်လို့လာခဲ့တာကိုး၊ မောင်ရင်လေးအလာကောင်းပေမယ့် အခါနှောင်းသွားပါပြီကွယ်'

ဟု ပြောလေသည်။

ဆင်းဆင်းအိ မျက်မှောင်ကြုတ်သွားပြီး....

'ဘာများဖြစ်လို့လဲဗျာ'

ဟု မေးလိုက်သည်။

အဘိုးအိုက....

'သခင်လေး ကွယ်လွန်သွားပါပြီကွယ်'

'ဗျာ'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ဆင်းဆင်းအို မယုံနိုင်အောင် ဖြစ်သွားလေသည်။

အဘိုးအိုအား စိုက်ကြည့်ရင်း....

'သခင်လေးလုံလီ ကွယ်လွန်သွားပြီ ဟုတ်လား'

'ဟုတ်ပါတယ်ကွယ်'

'သူဘယ်တုန်းက ကွယ်လွန်သွားတာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ရောဂါနဲ့လား၊ ဒါမှမဟုတ် ဓားပညာချင်း ယှဉ်ပြိုင်ရင်း အသက်ဆုံးရှုံးသွားတာလား'

မေးခွန်းများ တရစပ် မေးလိုက်လေသည်။

အဘိုးအိုက....

'သခင်လေးဟာ ကျန်းမာရေး ချို့ယွင်းပြီး ကွယ်လွန်သွားခဲ့တာပါကွယ်'

'ဗြော်....'

ဆင်းဆင်းအိုက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။



'သူဟာ အသက်ငယ်ငယ်ရွယ်ရွယ်ပဲ ရှိပါသေးတယ်၊ ကျန်းမာရေးချို့ယွင်းပြီး သေဆုံးသွားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'

ဟု စောဒက တက်လိုက်လေသည်။

အဘိုးအိုက....

'သခင်လေးဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ ဓားသမားတစ်ယောက် ဖြစ်အောင် မအိပ်မနေကြိုးစားရင်း အအိပ်ပျက်အစားပျက်နဲ့ နောက်ဆုံး ကျန်းမာရေးချို့ယွင်းလာပြီး ကွယ်လွန်သွားတာပါ'

ဆင်းဆင်းအိုက....

'နေပါဦး၊ သခင်လေးလုံလီဟာ ပြိုင်ဘက်ကင်း ဓားသမား တစ်ယောက် မဟုတ်လား'

အဘိုးအိုက....

'မောင်ရင်လေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် သခင်လေးကို လာရောက်ယှဉ်ပြိုင်တဲ့ ဓားသမားတွေဟာ တစ်ထက်တစ်နှစ် ပိုပိုပြီးများပြားလာပါတယ်၊ ဒါကြောင့် သခင်လေးဟာ လာရောက်ယှဉ်ပြိုင်သူတွေကို အနိုင်ယူနိုင်မယ့် ဓားကွက်အသစ်အဆန်းတွေ တီထွင်ရပါတယ်၊ ဓား

ပညာတစ်ခုတည်းကို အာရုံစိုက်ပြီး အရာအားလုံးကို မေ့ထားလိုက်တာကြောင့် ကျန်းမာရေး ထိခိုက်သွားပြီး ဝမ်းနည်းစရာ အဖြစ်ဆိုးနဲ့ ကြုံတွေ့လိုက်ရတာပါ'

ဆင်းဆင်းအိုက....

'ဝမ်းနည်းစရာ ကောင်းလိုက်တာဗျာ'

အဘိုးအိုက....

'ဟုတ်ပါတယ်ကွယ်'

ဟု ပြောလေသည်။

ဆင်းဆင်းအိုက....

'မဟုတ်ဘူးဗျ'

'ဟင်'

ဆင်းဆင်းအိုက....

'ကျွန်တော့်ကိုယ်ကျွန်တော် ပြောတာ ပါ'

'မောင်ရင်လေးက....'



'ကျွန်တော်က သခင်လေးလုံလီနဲ့ ဓားပညာယှဉ်ပြိုင်ဖို့ ခရီးဝေးက လာခဲ့ရတယ်၊ ဒီကိုရောက်လာတော့ သူမရှိတော့ဘူး၊ကျွန်တော့်အဖြစ်က ဘယ်လောက်များ ဝမ်းနည်းစရာကောင်းလိုက်သလဲဗျာ'

အဘိုးအို သက်ပြင်းချလိုက်လေသည်။

ဆင်းဆင်းအိုက....

'သခင်လေး လုံလီဟာ ကျော်ကြားသလောက် လေးစားစရာ ကောင်းတဲ့လူ ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ကျေးဇူးပြုပြီး သူ့ကို ဘယ်မှာမြှုပ်နှံထားတယ်ဆိုတာ ပြောပြပါလားဗျာ'

'ဟင်'

အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'မင်း....မင်း ဘာလုပ်မလို့လဲ'

ဟု မေးလာသည်။

ဆင်းဆင်းအိုက....

'ကျွန်တော်က သူ့ရဲ့အုတ်ဂူကို ဂါရဝပြုချင်လို့ပါ'

'ဩြဩ်....'

ယခုမှ အဘိုးအို သက်ပြင်းချနိုင်လိုက်ပြီး....

'ကျုပ်နောက် လိုက်ခဲ့ပါကွယ်'

ဟု ပြောကာ ခေါ်ဆောင်သွားလေသည်။

'ကောင်းပါပြီဗျာ'

ဆင်းဆင်းအိလည်း ကောက်ကောက်ပါအောင် လိုက်ပါသွားလေတော့သည်။

* * *

လှပသော အဆောက်အအုံ၏ ဝဲဘက်တွင် ရောင်စုံပန်းခင်းတစ်ခု ရှိလေသည်။

ထိုပန်းခင်းအတွင်းသို့ ဆင်းဆင်းအိအား ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။



ပန်းဂေဟာအတွင်းသို့ ရောက်သွားသောအခါ အုတ်ဂူတစ်လုံး ရှိနေသည့်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုက....

'ဒါဟာ သခင်လေးလုံလီရဲ့ အုတ်ဂူပါပဲ'

ဟု ပြောလေသည်။

ဆင်းဆင်းအိသည် အုတ်ဂူကို အကဲခတ်ကြည့်လိုက်လေသည်။

အုတ်ဂူသည် ပကတိ ဖြူဖွေးသန့်ရှင်းနေ၏။

အုတ်ဂူပေါ်တွင် ပန်းများကြဲထားသည်။

ဆင်းဆင်းအိက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်လေသည်။

'သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ သခင်လေးလုံလီကို ဂါရဝပြုပါတယ်ခင်ဗျာ၊ ကျုပ်က သခင်လေးနဲ့ ဓားပညာယှဉ်ပြိုင်ဖို့လာခဲ့တာပါ၊ ဒါပေမယ့် သခင်လေး မရှိတော့ဘူးဆိုတဲ့အတွက် ဝမ်းနည်းလို့ မဆုံးပါဘူး'

ဟု ပြောလိုက်လေသည်။

အဘိုးအိုက မလှမ်းမကမ်းမှ ရပ်ကြည့်နေလေသည်။

ဆင်းဆင်းအိသည် အဘိုးအိုဘက်သို့လှည့်ကာ....

'သခင်လေးမကွယ်လွန်ခင် ဘာများ မှာသွားသေးသလဲ ဗျာ'

ဟု မေးလိုက်လေသည်။

အဘိုးအိုက....

'ဘာမှမှာမသွားပါဘူး၊ ဒါပေမယ့် စကားတစ်ခွန်း တော့ ပြောသွားပါတယ်'

'ဘာများလဲဗျ'

'ခေးသမားတစ်ယောက်ရဲ့ဘဝဟာ ခေးသွားပေါ်မှာ လမ်းလျှောက်နေရသလိုပဲလို့ ပြောသွားပါတယ်'

ထိုစကားကြားလျှင် ဆင်းဆင်းအိမျက်နှာပျက်သွားလေသည်။

အဘိုးအိုက....

'မောင်ရင်လေး နောက်ထပ် ဘာများသိချင်သေးလဲ'



ဟု မေးလေသည်။

ဆင်းဆင်းအိ အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ခေးသမားတစ်ယောက် အဖြစ် ခံယူထားပါတယ်၊ သခင်လေးလိုလီဟာ ပြိုင်ဘက် ကင်းတဲ့ ခေးသမားတစ်ယောက်ဖြစ်ဖို့ သူ့ရဲ့ ခေးသမား ဘဝကို လေ့လာကြည့်ချင်ပါတယ်'

ဟု ပြောလိုက်သည်။

အဘိုးအိုက....

'မောင်ရင်လေးရဲ့ သဘောက....'

ဆင်းဆင်းအိက....

'သခင်လေး အသက်ရှင်စဉ် ကာလမှာ ဘယ်လိုနေထိုင် စားသောက် သွားတယ်ဆိုတာ လေ့လာကြည့်ချင်ပါတယ် ဗျာ'

'ကြော်'

အဘိုးအိုက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'ကောင်းပါပြီကွယ်၊ ကျုပ်နောက်ကို လိုက်ခဲ့ပါ'

'ဟုတ်ကဲ့'

အဘိုးအိုသည် ဆင်းဆင်းအိအား လှပသော အဆောက်အအုံဆီသို့ ပြန်လည်ခေါ်ဆောင်သွားလေတော့သည်။

* * *

လှပသောအဆောက်အအုံသို့ ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်လေသည်။

အဘိုးအိုက....

'သခင်လေးဟာ ဒီအဆောက်အအုံထဲမှာပဲ သူ့ရဲ့ ဘဝ အချိန်တွေကို ကုန်လွန်သွားစေခဲ့တာပါ၊ မင်း လေ့လာ ကြည့်နိုင်ပါတယ်ကွယ်'

ဟု ပြောလေသည်။

'ကျေးဇူးပါပဲ'



ဆင်းဆင်းအိကပြောကာ အဆောက်အအုံ အတွင်း၌ လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

အဆောက်အအုံ အတွင်းရှိ အခန်းများ ဖွဲ့စည်းထားသည်မှာ ရိုးရိုးစင်းစင်းသာ ဖြစ်လေသည်။

ဧည့်ခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင် စသည် စသည်ဖြင့် သာမန်တိုင်း ဖွဲ့စည်းထားသည်။ အသုံးအဆောင် ပစ္စည်းများသည်လည်း သာမန် မိသားစု တစ်စုတွင်ရှိသော အသုံးအဆောင်ပစ္စည်းများသာ ဖြစ်သည်။

သခင်လေးလုံလီသည် ဂုဏ်ပကာသနကို မက်မောခြင်း မရှိ။ ရိုးရိုးအေးအေးနေလိုသူဖြစ်ကြောင်း ထင်ရှားပေါ်လွင် နေလေသည်။

ဆင်းဆင်းအိက စာဖတ်ခန်းကို စိတ်အဝင်စားဆုံး ဖြစ်လေသည်။

စာဖတ်ခန်းတွင် စာအုပ်စင်များ၊ စာအုပ်ထည့်သည့် ဗီရိုများဖြင့် ပြည့်နေ၏။

စာဖတ်ရန် စားပွဲတစ်လုံးနှင့် အညောင်းပြေ အညာပြေ လဲလျောင်းရန် ကွပ်ပျစ်တစ်လုံးသာ ရှိသည်။

ထိုမှလွဲ၍ တစ်ခန်းလုံးစာအုပ်များဖြင့် ပြည့်နေသည်ဟု ဆိုနိုင်ပေသည်။

ဆင်းဆင်းအိသည် အဘိုးအိုထံတွင် ခွင့်တောင်းကာ စာအုပ်များကို ဖတ်ရှုလေ့လာလိုက်လေသည်။

ထိုအခါ....

စာအုပ်စာတန်းများသည် ဓားပညာနှင့် ပတ်သက်၍ ရေးသားထားသော ဓားကျမ်းများချည်းသာ မဟုတ်ဘဲ ဒေသန္တရ ဗဟုသုတ အဖြာဖြာကို ရေးသားထားသော စာအုပ်များ၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ မိတ္တဗလကျမ်း၊ ရှေးဟောင်းစာပေကျမ်းဂန်များ ပါရှိနေသည်ကို တွေ့ရလေသည်။

သခင်လေး လုံလီသည် ဓားပညာကိုသာမက စာပေပညာကိုပါ လေ့လာလိုက်စားသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ဆင်းဆင်းအိသည် သခင်လေး လုံလီအပေါ် အလိုလိုကြည်ညိုလေးစားသည့် စိတ်များ ဖြစ်ပေါ်လာလေသည်။

မည်သို့ဆိုစေ။

သခင်လေးလုံလီ ပိုင်ဆိုင်သော ဓားကျမ်းစာအုပ်များကို ကိုင်တွယ်ကြည့်ရှုခြင်း မပြုချေ။

အဆောက်အအုံတစ်ခုလုံး လှည့်ပတ်ကြည့်ရှုလိုက်ပြီးလျှင် ထူးခြားသော အခန်းတစ်ခန်းကို သတိပြုမိလိုက်လေသည်။



အခြားသော အခန်းများသည် တံခါးဖွင့်ထားပြီး ရှင်းလင်းစင်ကြယ်အောင် ပြုလုပ်ထားလေသည်။

ထိုအခန်းမှာမူ တံခါးပိတ်သော့ခတ်ထားသည်ကို တွေ့ရလေသည်။

တံခါးပေါ်တွင် ဖုန်များ၊ ပင့်ကူမျှင်များ တက်နေသည်ကိုလည်း တွေ့ရလေသည်။

ထို့ကြောင့်....

သော့ပိတ်ထားသော အခန်းကို ဆင်းဆင်းအိစိတ်ဝင်စားသွားလေတော့သည်။

အဘိုးအိုကို ကြည့်ကာ....

'ဒီအခန်းက ဘာကြောင့် သော့ပိတ်ထားတာလဲဗျ'

ဟု မေးလိုက်လေသည်။

အဘိုးအိုက....

'သခင်လေးရဲ့ အမိန့်ကြောင့်ပါ'

ဆင်းဆင်းအိက....

'ဒါ....ဘယ်သူ့အခန်းလဲ'

အဘိုးအိုက....

'ပစ္စည်းသိုလှောင်ခန်းပါ'

ဆင်းဆင်းအိက....

'ဘာပစ္စည်းတွေ သိုလှောင်ထားတာလဲ'

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်....ပြောခွင့်မရှိပါဘူး'

'ဩော်'

ဆင်းဆင်းအိက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ခေါးကျန်းသခင်လေးလုံလီ၏ လျှို့ဝှက်ချက်ကို တွေ့ရပြီဟုလည်း ယုံကြည်လိုက်လေသည်။

ထို့ကြောင့်....

'ဒီအခန်းထဲမှာ ဘာတွေရှိသလဲဆိုတာ ကျွန်တော်သိချင်ပါတယ်ဗျာ'



ဟု ပြောလိုက်လေသည်။

အဘိုးအို မျက်နှာပျက်သွားသည်။

ဘာမှမပြောဘဲ နေလေသည်။

ဆင်းဆင်းအိက....

'ကျွန်တော် ဒီအခန်းထဲ ဝင်ကြည့်ချင်တယ်'

အဘိုးအိုက....

'ဒီအခန်းက သော့ပိတ်ထားပါတယ်'

ဆင်းဆင်းအိက....

'သော့ပိတ်ထားလဲ တံခါးကိုဖျက်ပြီးဝင်လို့ရတာပဲ'

အဘိုးအိုက....

'တံခါးကိုဖျက်ဆီးလိုက်ရင် ကွယ်လွန်သွားပြီဖြစ်တဲ့ ခေါးကျန်းသခင်တွေရဲ့ဝိညာဉ်ကို စော်ကားသလို ဖြစ်သွားပါလိမ့်မယ်'

ဆင်းဆင်းအို ဝမ်းသာသွားလေသည်။

'လက်စသတ်တော့ ဒီအခန်းဟာ ခါးကျွန်းသခင်အဆက်ဆက်နဲ့ သက်ဆိုင်တဲ့အခန်း ဖြစ်နေတာကိုး'

အဘိုးအိုက တည်ကြည်စွာဖြင့် ဆင်းဆင်းအိုကို ကြည့်နေလေသည်။

ဆင်းဆင်းအိုက....

'ခုတော့ ကျွန်တော်က ပိုပြီး စိတ်ဝင်စားသွားပါပြီဗျာ၊ ဒီအခန်းကို ဖွင့်ကြည့်ရမှ ဖြစ်ပါလိမ့်မယ်'

အဘိုးအိုက....

'ဖွင့်ကြည့်တော့ မင်းအတွက် ဘာများ အကျိုးထူးသွားမှာမို့လဲ'

'အကျိုးထူးမယ်လို့ ကျွန်တော်ယုံကြည်တယ်၊ ခါးကျွန်းသခင်တွေရဲ့ လျှို့ဝှက်ချက်တွေကို ကျွန်တော် သိရလိမ့်မယ် မဟုတ်လားဗျာ'

အဘိုးအိုက....

'မင်း မှားနေပြီ'

'ကိစ္စမရှိဘူး၊ ဒီနေရာရောက်လာကတည်းက အသက်သေရမယ်ဆိုလဲ ကျွန်တော် မမှုတော့ပါဘူး၊ အရာရာကို ရင်ဆိုင်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးမှ လာခဲ့တာပါခင်ဗျာ'



ဆင်းဆင်းအိုအား မည်သို့မျှ ဟန့်တားချုပ်ချယ်ရန် ခွင့်တော့မည်မဟုတ်ကြောင်း အဘိုးအို သဘောပေါက်သွားလေသည်။

ထို့ကြောင့်....

'ကောင်းပြီလေ၊ မင်းသိပ်ကြည့်ချင်တယ်ဆိုရင်လဲ ကျုပ်ဖွင့်ပြပါ့မယ်'

ဟု ပြောလိုက်သည်။

သော့တွဲတစ်တွဲထုတ်ယူကာ သော့တစ်ချောင်းကို ရွေးထုတ်ပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

တံခါးမှာ မဖွင့်တဲ့ ပိတ်ထားခြင်းကြောင့် ဖွင့်လိုက်သောအခါ ပတ္တာများမှ တကျွီကျွီမြည်သံများ ထွက်ပေါ်လာ၏။

ဆင်းဆင်းအို၏ရင်ထဲ လှုပ်ရှားလာလေသည်။

ခါးကျွန်း၏ လျှို့ဝှက်ချက်ကို တွေ့ရတော့မည်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

'ကျွီ'

မြည်သံနှင့်အတူ တံခါးပွင့်သွားလေသည်။

အဘိုးအိုက ရှေ့ဆုံးမှ လှမ်းဝင်သွားပြီး ပြတင်းတံခါးများလည်း ဖွင့်လိုက်သည်။

အလင်းရောင်များသည် အခန်းတွင်းသို့ ဝင်ရောက်လာပြီး လင်းလင်းကျင်းကျင်း ဖြစ်သွားလေသည်။

ဆင်းဆင်းအိက အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

ယခု....

ခါးကျှန်းသခင်များ၏ လျှို့ဝှက်ချက်ကို တွေ့မြင်ရတော့မည် ဖြစ်လေသည်။

*　　*　　*

အခန်းတစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်နေ၏။

ထို့ကြောင့်လည်း အခန်းတွင်းရှိ ပစ္စည်းပစ္စယများကို အတိုင်းသား တွေ့မြင်နေရလေသည်။



အခန်းတွင်း၌ သစ်သားစင်များ ရှိနေပါသည်။

ထိုသစ်သားစင်များပေါ်၌ အစီအရီတင်ထားသော ခါးများကို တွေ့ရလေသည်။

ခါးများမှာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ရှိကြလေသည်။

ခါးရှည်များ၊ ခါးတိုများ၊ နှစ်ဖက်သွားခါး၊ လခြမ်းခါး၊ ခါးမြောင် စသည်...စသည်ဖြင့် ခါးအမျိုးပေါင်း စုံလင်လှပေတော့သည်။

အခန်းတစ်ခုလုံး ခါးများဖြင့် ပြည့်နှက်နေသည်ဟု ဆိုနိုင်ပေတော့သည်။

ဆင်းဆင်းအို အံ့ဩသွားလေသည်။

သူက လျှို့ဝှက်ချက် တွေ့ရမည် ဖြစ်သည်ဟု ထင်မှတ်ခဲ့သော်လည်း တကယ်တန်း သူတွေ့ရသည်မှာ ခါးများသာ ဖြစ်လေသည်။

ဆင်းဆင်းအိက အဘိုးအိုအား လှမ်းကြည့်လိုက်လေသည်။

အဘိုးအိုမှာ အလွန်ထိတ်လန့် တုန်လှုပ်နေသည့် အသွင်မျိုး ရှိနေသည်ကို တွေ့ရလေသည်။

ဆင်းဆင်းအိသည် အဘိုးအိုကိုကြည့်ရင်း ရင်ထဲမှာ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

မကောင်းသော အတိတ်နိမိတ်များလည်း ခံစားလာရသည်။

ထိုမျှမကသေး။

မကောင်းဆိုးဝါးများ၏ ငိုညည်းသံများကို ကြားလာရသည်ဟု ထင်မိလေသည်။

ဆင်းဆင်းအိ နားမလည်နိုင်အောင်ဖြစ်နေစဉ် အဘိုးအို၏ စကားသံ ထွက်ပေါ်လာလေသည်။

'မင်း ဒီလောက်ကြည့်ပြီးရင် တော်လောက်ရောပေါ့၊ အပြင်ကို ပြန်ထွက်ကြပါစို့'

ဆင်းဆင်းအိ သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီဗျာ'

နှစ်ယောက်သား အခန်းအပြင်ဘက်သို့ ပြန်ထွက်လာခဲ့ကြလေသည်။

အခန်းအပြင်ဘက်သို့ရောက်မှ ခံစားနေရသော မကောင်းသည့် အတိတ်နိမိတ်များ ကွယ်ပျောက်သွားသည်ဟု ဆင်းဆင်းအိ သတိပြုမိလိုက်လေသည်။



အဘိုးအိုက တံခါးပြန်ပိတ်လိုက်သည်။

ဆင်းဆင်းအိဘက်သို့ ပြန်လှည့်လိုက်သောအခါ နဖူးပေါ်တွင် ချွေးများစို့နေသည်ကို တွေ့ရလေသည်။

အဘိုးအိုသည် ထိတ်လန့်စရာကောင်းသည့် ခရီးရှည်တစ်ခုကို ဖြတ်သန်းလာခဲ့ရသူ တစ်ယောက်ပမာ ရှိနေ၏။

ဆင်းဆင်းအိလည်း ထိုနည်းနှင်နှင်ပင် ဖြစ်လေသည်။

အဘိုးအိုက....

'မင်း ကျေနပ်ပြီလား'

ဟု မေးလာလေသည်။

ဆင်းဆင်းအိ ခေါင်းညိတ်လိုက်သည်။

'ကျေနပ်ပါပြီဗျာ၊ ဒါပေမယ့် ကျွန်တော်မရှင်းတာတစ်ခုရှိလို့ မေးပါရစေ'

အဘိုးအိုက....

'မောင်ရင်လေးက ဘာများသိချင်လို့လဲ ပြောပါ'

ဆင်းဆင်းအိက....

'တခြားတော့ မဟုတ်ပါဘူး၊ အခန်းထဲမှာ ခေါင်းတွေကို သိုလှောင်ထားတာ ဘာသဘောလဲဆိုတာ သိချင်လို့ပါ'

အဘိုးအို သက်ပြင်းချလိုက်သည်။

'ခုထိတော် မင်း မရိပ်မိသေးဘူးလား'

'ဗျာ'

'အခန်းထဲကို ဝင်လိုက်ရင် ကျုပ်တော့ မကောင်းတဲ့ အတိတ်နိမိတ်တွေ ခံစားလာရတယ်၊ ဘာကြောင့်လဲဆိုတော့ သေဆုံးသွားကြသူတွေရဲ့ ဝိညာဉ်တွေ ခိုအောင်းနေတယ်လို့ ယူဆလို့ပါပဲ'

ဆင်းဆင်းအိသည် သူကိုယ်တိုင် ထိုသို့ခံစားလိုက်ရသော်လည်း ဘာမှမပြောဘဲ နေလိုက်လေသည်။

အဘိုးအိုက ဆက်ပြောလေသည်။

'အခန်းထဲမှာ သိုလှောင်ထားတဲ့ခေါင်းတွေဟာ ခေတ်အဆက်ဆက်က ခေါင်းကျွန်းကို လာရောက်ယှဉ်ပြိုင်ခဲ့တဲ့ ခေါင်းသမားတွေ ကျန်ရစ်ခဲ့တဲ့ ခေါင်းတွေပါပဲ၊ ကျုပ်တို့က သူတို့ရဲ့ခေါင်းတွေကို ကောင်းကောင်းမွန်မွန် သိမ်းဆည်းပေးထားတာပါ'

ဆင်းဆင်းအိ သက်ပြင်းချလိုက်မိလေသည်။



ယခု အခြေအနေ အရပ်ရပ်ကို သူနားလည်သဘောပေါက်လိုက်ပြီး ဖြစ်ပါသည်။

အခန်းတွင်း၌ရှိနေသော ခေါင်းများမှာ ခေါင်းကျွန်းသို့ လာရောက်ယှဉ်ပြိုင်ပြီး အရေးနိမ့်သွားသူများ ကျန်ရစ်ခဲ့သောခေါင်းများဖြစ်လေသည်။

ခေါင်းသမားများသည် လွန်စွာမှပင် အယူသီးခဲ့ကြလေသည်။

သူတို့၏ခေါင်းပညာနှင့် သူတို့၏ခေါင်းများကို လွန်စွာမှပင် တန်ဖိုးထားကြသည်။

လူရှိလျှင် ခေါင်းရှိရမည်။

ခေါင်းမရှိလျှင် လူသေရမည်ဟု ခံယူထားကြသူများဖြစ်လေသည်။

ခေါင်းများသည် ခေါင်းကျွန်း၌ ကျန်ရစ်ခဲ့သည်ဆိုလျှင် ခေါင်းရှင်များသည် သေဆုံးသွားကြပြီဖြစ်သည်မှာ ထင်ရှားနေပါတော့သည်။

ခေါင်းကျွန်းသည် နှယ်နှယ်ရရ နေရာတစ်ခုမဟုတ်ကြောင်း နားလည်လိုက်သည်။

သို့သော်....

ဓားကျွန်းသခင်လေး လုံလီနှင့် ယှဉ်ပြိုင်ဖို့ အရေးကား စိုးရွံ့မသွားသည့်အပြင် ပို၍သာ အာသီသပြင်းထန်လာသည်။

သခင်လေးလုံလီသည် သူလိုက်လံရှာဖွေနေသည့် လူစားမျိုး ဖြစ်နေသည် မဟုတ်ပါလား။

ဆင်းဆင်းအိ သက်ပြင်းချလိုက်လေသည်။

'သခင်လေးလုံလီ ကွယ်လွန်သွားတာ အတော့်ကို နှမြောစရာ ကောင်းတာပါပဲ၊ သူသာ အသက်ထင်ရှား ရှိနေခဲ့မယ်ဆိုရင် ကျုပ်ရဲ့ဆန္ဒတွေ ပြည့်ဝနိုင်မှာပါ'

အတိုးအိုက....

'သခင်လေးကွယ်လွန်သွားတာဟာ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုပါပဲလေ၊ တကယ်လို့များ မောင်ရင်လေးက ဒီနေရာမှာ အေးအေးဆေးဆေး အနားယူချင်တယ်ဆိုရင် နေထိုင် စားသောက်ဖို့အတွက် ကျုပ်စီစဉ်ပေးပါ့မယ်'

ဆင်းဆင်းအိ ဝမ်းသာသွားလေသည်။

'ဟာ....ဒါဆို သိပ်ကောင်းတာပေါ့၊ ကျွန်တော် ဒီမှာ တစ်လလောက်တော့ နေချင်ပါတယ်'



'ရပါတယ်....ရပါတယ်'

ဆင်းဆင်းအိသည် ဓားကျွန်းတွင် အမှန်ပင်တစ်လခန့် နေထိုင်ခဲ့လေသည်။

အဘိုးအိုကလည်း စားသောက် နေထိုင်ရေးအတွက် လိုလေသေးမရှိ စီစဉ်ပေး၏။

တစ်လခန့်ကြာမှ ဆင်းဆင်းအိသည် အဘိုးအိုကို နှုတ်ဆက်ကာ ဓားကျွန်းမှ ထွက်ခွာသွားလေတော့သည်။

* * *

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာ လှပနေလေသည်။

ဆင်းဆင်းအိသည် ကောင်းကင်ပေါ်မှ လဝန်းကိုမော့ကြည့်ရင်း အတွေးနယ်ချဲ့နေမိသည်။

သူက သခင်လေးလုံလီနှင့် ခေါ်ပညာယှဉ်ပြိုင်ရန် ခေါ်ကျွန်းသို့ သွားရောက်ခဲ့ပြီး ခေါ်ကျွန်း၌ တစ်လနေထိုင်ကာ ပြန်လာခဲ့လေသည်။

သခင်လေးလုံလီ ကွယ်လွန်သွားပြီဖြစ်၍ သိုင်းလောကတွင် သူယှဉ်ပြိုင်ရမည့် ခေါ်သမား မရှိသလောက်ရှားပါးသွား၏။

ဆင်းဆင်းအိကလည်း အကြောင်းမဲ့လိုက်လာယှဉ်ပြိုင်ခြင်းမျိုး မရှိတော့ပါ။

အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ရင်း သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့လေသည်။

ထိုက်ဝူမြို့သို့ ရောက်လာတော့မှ မမျှော်လင့်ဘဲ မြင်းလှည်းသမား ကျင်းစန်းအား ကြိုးပေးကွပ်မျက်မည့် ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေသည်။

ဆင်းဆင်းအိသည် ခေါ်ကျွန်းတွင် နေထိုင်ခဲ့စဉ်က သခင်လေးလုံလီ၏ပုံတူပန်းချီကားများကို တွေ့မြင်ခဲ့ရသည်။

သူက လုံလီကို စိတ်ဝင်စားခဲ့သည်။

လုံလီ၏ ပုံတူပန်းချီကားများကိုကြည့်ကာ နေ့စဉ်စကားပြောခဲ့သည်။



ခေါ်ပညာနှင့်ပတ်သက်ပြီး ရင်ထဲခံစားရသမျှကို ဖွင့်ဟပြောမိခြင်း ဖြစ်သည်။

သို့ဖြင့်....

သခင်လေးလုံလီသည် သူ၏အရင်းနှီးဆုံး မိတ်ဆွေ တစ်ယောက် ဖြစ်လာသည်။

သခင်လေးလုံလီကို သူက မျက်စိထဲမှ မပျောက်၍ မရအောင် စွဲစွဲမြဲမြဲ မှတ်မိလာလေသည်။

ထို့ကြောင့်...

ကျင်းစန်းကိုတွေ့မြင်လိုက်ရသည်နှင့် သခင်လေးလုံလီဟု မှတ်မိလိုက်ခြင်း ဖြစ်လေသည်။

ကျင်းစန်းအား လူဆိုးများက ကယ်ထင်သွားခဲ့သဖြင့် လိုက်၍ စုံစမ်းလိုက်ရာ ပင့်ကူဂိုဏ်း၏ လက်ချက်ဖြစ်ကြောင်း သိခဲ့ရလေသည်။

သူက ပင့်ကူဂိုဏ်းသို့ လိုက်လာသော်လည်း ကျင်းစန်းကို မတွေ့ရတော့ပါ။

ပင့်ကူဂိုဏ်းသည် ကြေးစားဂိုဏ်းတစ်ခုဖြစ်ကြောင်း သိထားရသဖြင့် ဆင်းဆင်းအိသည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ သုတ်သင်ရှင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းစန်း ပျောက်ဆုံးသွားသော်လည်း ဆင်းဆင်းအိုက မပူချေ။

ကျင်းစန်းသည် သခင်လေးလုံလီ ဖြစ်ရိုးမှန်လျှင် သူ ရှာဖွေ တွေ့ရှိလိမ့်မည်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

ဆင်းဆင်းအိုသည် မြေပေါ်တွင် အတုံးအရုံး လဲကျနေသော ပင့်ကူဂိုဏ်းသားများကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

ထို့နောက်....

မြေကွက်လပ်ကို ကျော်ခိုင်းကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေတော့သည်။

* * *

သတင်း

---

ချန်အန်းမြို့။

ချန်အန်းမြို့သည် စည်ကား သိုက်မြိုက်လှသော မြို့ကြီး ဖြစ်သည်။

ကျင်းစန်းသည် ချန်အန်းမြို့သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

အရောင်အသွေး စုံလင်စွာဝတ်ဆင်ထားကြသူများသည် လမ်းမများပေါ်တွင် ဥဒဟို သွားလာနေကြလေသည်။

ကျင်းစန်းသည် မြို့လယ်လမ်းမကြီးအတိုင်း လျှောက်လာရင်း လမ်းကြားလေး တစ်ခုအတွင်းသို့ ချိုးဝင်လိုက်လေသည်။

ထို့နောက်....

လမ်းကြားလေးအတိုင်း ဆက်၍လျှောက်သွားလေသည်။

ထိုလမ်းကြားလေး၏ တစ်ဖက်တစ်ချက်တွင် ခြံဝင်းကျယ်ကြီးများ ရှိနေပါသည်။

ခြံဝင်းကြီးများ အတွင်း၌ ခမ်းနား ထည်ဝါလှသော အဆောက်အအုံကြီးများ ရှိနေ၏။

ကျင်းစန်းသည် ခြံဝင်းတစ်ခုရှေ့တွင် ခြေလှမ်းရပ်လိုက်လေသည်။

ထိုခြံဝင်းအတွင်း၌ ကြီးမားခံ့ညားသော အဆောက်အအုံကြီးကြီးတစ်လုံး ရှိနေပါသည်။

ခြံဝင်းအဝင်ဝတံခါးမကြီးပေါ်၌....

'ရှောင်ဂေဟာ'

ဟု ရေးသားထားသော ကြေးဝါဆိုင်းဘုတ်ကြီးက အခန့်သားနေရာယူထားလေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

'အတော့်ကို ပြောင်းလဲသွားပြီပဲ'



ဟု ရေရွတ်လိုက်လေသည်။

ထို့နောက်....

ခြံဝင်းတံခါးမကြီးကို ဖြတ်ကျော်ကာ ခြံဝင်းထဲသို့ ဝင်လာခဲ့လေသည်။

ခြံဝင်းအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပန်းဥယျာဉ်အတွင်းမှ ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်တွင် မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ ပါဝင်လာ၏။

သစ်ပင်ကြီးတစ်ပင်ပေါ်၌ ကျေးငှက်ကလေးတစ်ကောင်က ဘာသာဘာဝ တေးသီကြွေးနေသည်။

လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းသည့် တေးသီချင်းတစ်ပုဒ်ကို ဆိုညည်းနေသည့်အလား။

ကျင်းစန်း၏စိတ်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ရုတ်တရက်....

'ကျွန်တော့်ကို လိပ်ပြာလေးဖမ်းပေး'

ကလေးငယ်တစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောင်းစန်း၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ...

ပန်းဥယျာဉ်အတွင်း၌ ပြေးလွှားနေသော ကလေးငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုကလေးငယ်မှာ အသက်ဆယ်နှစ်ခန့်ရှိပြီဖြစ်ပါသည်။

ဝစကစ်ကစ်ချစ်စရာကောင်းပြီး အရွယ်နှင့်မလိုက်အောင် သန်စွမ်းသူလေးဖြစ်သည်။

အထိန်းတော်ဖြစ်ဟန်ရှိသောအမျိုးသမီးတစ်ယောက်က...

'သခင်လေး မပြေးပါနဲ့၊ မတော်တဆ ချော်လဲလို့ ထိခိုက်အနာတရ ဖြစ်နေပါဦးမယ်'

စိုးရိမ်ပူပန်စွာပြောကာ ပြေးလိုက်လာလေသည်။

ကျောင်းစန်းသည် ထိုမြင်ကွင်းကို မြင်တွေ့ရလျှင် သဘောကျစွာ ပြုံးလိုက်မိလေသည်။



ကြည်နူးစရာ ကောင်းသော မြင်ကွင်းတစ်ခု မဟုတ်ပါလား။

ကလေးငယ်က....

'လိပ်ပြာဖမ်းပေး....လိပ်ပြာဖမ်းပေး'

ဟု ပူဆာနေ၏။

အမျိုးသမီးကြီးက....

'သခင်လေးရယ်....လိပ်ပြာလေးတွေသနားပါတယ်၊ သူတို့ပျံသန်းနေကြတာ ဘယ်လောက်လှသလဲ၊ အလှကြည့်ရနေတာ မကောင်းဘူးလား'

ဟု ဖျောင်းဖျလိုက်လေသည်။

ကလေးငယ်က မြေပေါ်လှဲချကာ ငိုကြွေးလိုက်လေတော့သည်။

'မလိုချင်ဘူး၊ လိပ်ပြာဖမ်းပေး'

ဟုလည်း အတင်းအကျပ် ပူဆာနေလေတော့သည်။

အမျိုးသမီးကြီး မတတ်သာတော့ပါချေ။

'ကဲ....ကဲ....လိပ်ပြာဖမ်းပေးပါမယ်၊ မငိုပါနဲ့တော့နော်'

ဟု ချော့မော့လိုက်ရသည်။

ကလေးငယ်သည် ချက်ချင်း အငိုတိတ်သွားပြီး ထထိုင်လိုက်၏။

အမျိုးသမီးကြီးက လိပ်ပြာတစ်ကောင်ကို ဖမ်းပေးလိုက်သည်။

'ရော့... သခင်လေး'

ကလေးငယ်သည် လိပ်ပြာကိုရသည်နှင့် ချက်ချင်း လက်ဖြင့်ဖျစ်ညှစ်ကာ သတ်ပစ်လိုက်လေသည်။

'အို....မလုပ်နဲ့ သခင်လေး'

အမျိုးသမီးကြီးက တားမြစ်လိုက်သော်လည်း မမီတော့ချေ။

ကျင်းစန်းလည်း ဆတ်ခနဲ တုန်ခါသွား၏။

ကလေးငယ်သည် အရွယ်နှင့်မလိုက်အောင် စိတ်ထားကြမ်းကြုတ်လှသည် မဟုတ်ပါလား။



ငယ်ငယ်ရွယ်ရွယ်နှင့် စိတ်ထား ဤမျှ ခက်ထန်နေလျှင် ကြီးပြင်းလာသောအခါ အလွန်ကြောက်စရာကောင်းသူ ဖြစ်လာမည်မှာ ထင်ရှားနေပေတော့သည်။

ထိုစဉ်....

'ဟား... ဟား.... ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အဆောက်အအုံ အတွင်းမှ လူနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ကျင်းစန်းနှင့် ထက်တူရွယ်တူခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်သည်။

အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသည်။

ရုပ်ရည်ချောမောခန့်ညားသူလည်းဖြစ်သည်။

ထိုလူရွယ်ကိုမြင်လျှင်....

'ရွှောင်ကောင်း'

ကျင်းစန်းက တီးတိုးရေရွတ်လိုက်လေသည်။

ထိုလူကို သူက ကောင်းစွာသိနေပေတော့သည်။

ရွှောင်ကောင်းဆိုသော လူရှည်နှင့်အတူ လိုက်ပါလာသူမှာ အသက်လေးဆယ်ခန့်ရှိသူဖြစ်လေသည်။

ထိုလူသည် ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း ပေါ်လွင်နေ၏။

ထိုလူကပင်...

'ကဲ...မိတ်ဆွေလေး၊ နောက်မှ တွေ့ကြသေးတာပေါ့'

ဟု နှုတ်ဆက်ကာ အဆောက်အအုံ ရှေ့၌ရပ်ထားသော မြင်းလှည်းပေါ်သို့ တက်သွားလေသည်။

မြင်းလှည်းပေါ်တွင်အသင့်နေရာယူထားသောမြင်းလှည်းသမားက စတင်မောင်းနှင်လိုက်သည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'



မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်းသည် ကျင်းစန်းအနီးမှ ဖြတ်သန်းမောင်းနှင်သွား၏။

သစ်ပင်အောက်၌ရပ်နေသော ကျင်းစန်းကို တွေ့မြင်ပုံမရပါချေ။

ကျင်းစန်းက ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက်ရပ်နေသဖြင့် ရုတ်တရက် သတိမပြုမိကြခြင်းဖြစ်လေသည်။

မြင်းလှည်းထွက်သွားပြီးမှ ရွှောင်ကောင်းက...

'သားရေ လူခုလား ရွှောင်အင်း၊ မင်းဘယ်မှာလဲ'

ဟု အော်ခေါ်လိုက်လေသည်။

ကျင်းစန်းက တုတ်တုတ်မျှမလှုပ်ဘဲ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

ရွှောင်အင်းဆိုသော လိပ်ပြာကို သတ်ပစ်ခဲ့သည့် ကလေးငယ်သည် ချက်ချင်းပင် ဥယျာဉ်အတွင်းမှ ပြေးထွက်လာလေသည်။

'ဖေဖေ'

ရှောင်ကောင်းသည် သားဖြစ်သူ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေသည်ကို တွေ့ရသောအခါ မျက်မှောင်ကြုတ်သွားပြီး....

'သားရယ်၊ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေပါလား၊ ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်လေသည်။

ကလေးငယ်ရှောင်အင်းက....

'ဖေဖေ၊ ကျွန်တော့်ကို အဒေါ်ကြီးရှုဝမ်းက တွန်းချလိုက်တယ် ဖေဖေ'

ဟု တိုင်တန်းလိုက်လေသည်။

အထိန်းတော် အမျိုးသမီးကြီးသည် ကလေးငယ်ရှောင်အင်း၏ နောက်မှလိုက်လာပါသည်။

ရှောင်အင်းက သူမအား တိုင်တန်းလိုက်သဖြင့် မျက်စိမျက်နှာ ပျက်သွားလေသည်။



'အို....မဟုတ်တာ သခင်လေးရယ်'

ဟု ညည်းတွားလိုက်၏။

ရှောင်အင်းက....

'ကျွန်တော်က လိပ်ပြာဖမ်းပေးပါဆိုတာကို သူက ဖမ်းမပေးဘဲ အလုပ်ရှုပ်တယ်ဆိုပြီး တွန်းချလိုက်တယ် ဖေဖေ'

ဟု တိုင်တန်းလိုက်ပြန်သည်။

ကျင်းစန်းသည် ထိုဖြစ်ရပ်ကိုကြည့်ကာ စိတ်ပျက်သွားလေသည်။

ကလေးငယ်ရှောင်အင်းသည် ရက်စက်ကြမ်းကြုတ်သည့် စိတ်ထားရှိနေရုံမက လိမ်ညာပြောဆိုတတ်ပြီး လူတစ်ဖက်သားဒုက္ခရောက်အောင်လုပ်ဖို့ ဝန်မလေးသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

ရှောင်ကောင်းသည် အထိန်းတော် အမျိုးသမီးကြီးရှုဝမ်းကို ကြည့်ကာ....

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

ဟု ဝေါက်လိုက်လေသည်။

ရှုဝမ်းက....

'သခင်ကြီးရယ်၊ ကျွန်မ တွန်းချတာ မဟုတ်ပါဘူးရှင်၊ သခင်လေးက လိပ်ပြာဖမ်းမပေးလို့ မြေပေါ်လှဲချပြီး လူးလိမ့်ငိုခဲ့တာပါ၊ သခင်လေး ကျေနပ်အောင် လိပ်ပြာဖမ်းပေးတော့လဲ ဆတ်ပစ်လိုက်ပါတယ်'

ဟု အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ရှောင်အင်းက....

'ရှုဝမ်း၊ ခင်ဗျားကြီး လိမ်မပြောနဲ့'

အရှယ်နှင့်မလိုက်အောင် ရိုင်းစိုင်းမောက်မာစွာ အော်ဟေါက်လိုက်သည်။

ကျင်းစန်း၏စိတ်ထဲ ဖျင်းခနဲ ဖြစ်သွားသည်။

'ဒီကလေးကို အတော့်ကို ကြပ်ကြပ်မတ်မတ် ဆုံးမရလိမ့်မယ်'



ဟု ရေရွတ်လိုက်လေသည်။

ရှောင်ကောင်း၏စကားသံ ထွက်ပေါ်လာလေသည်။

'ခင်ဗျားကို အလုပ်ထုတ်ပစ်ရလိမ့်မယ်'

မှားသည်၊ မှန်သည် မစဉ်းစားဘဲ သားသမီးစကားကို တစ်ဖက်သတ်ယုံကြည်ကာ ရှုဝမ်းကို အပြစ်တင်နေတော့သည်။

ကျင်းစန်း မနေနိုင်တော့ပါ။

အဖြစ်မှန်ကိုရှင်းပြရန် ရှေ့သို့လှမ်းထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'သားလေး....လာစမ်း'

အမျိုးသမီး တစ်ယောက်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

လှမ်းကြည့်လိုက်သောအခါ အဆောက်အအုံ အတွင်းမှ အမျိုးသမီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအမျိုးသမီးသည် နတ်မိမယ်အလား ရုပ်အဆင်းပြေပြစ်ကာ ချောမောလှပသူ ဖြစ်လေသည်။

သူမသည် ကျောက်စိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

သူမ၏ ဆံကေသာတွင် ကျောက်စိမ်းဆံထိုး တစ်ချောင်း ထိုးထားသည်ကို အတိုင်းသား တွေ့မြင်ရလေသည်။

ကျင်းစန်း၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

သူ၏မျက်လုံးများ ရီဝေသွား၏။

'သူ....သူက ခုချိန်အထိ ကျောက်စိမ်းဆံထိုးကို အသုံးပြုနေတုန်းပဲကိုး'

ဟု စိတ်ထဲမှ ရေရွတ်လိုက်လေသည်။



တစ်ဖန်....

'ကျူးဟုန် ညီမရယ်'

ဟု ညည်းတွားလိုက်မိလေသည်။

ထိုအမျိုးသမီးကိုမြင်လျှင် ကလေးငယ် ရှောင်အင်းက....

'မေမေ'

ဟု ခေါ်ကာ ခေါင်းငုံ့ထားလိုက်လေသည်။

အမျိုးသမီးက....

'ရှောင်အင်း ဒီကိုလာစမ်း'

ဟု ခေါ်လိုက်သည်။

ရှောင်အင်းက မိခင်ထံသို့ မသွားချင်သွားချင်ဖြင့် လှမ်းသွားလိုက်လေသည်။

အမျိုးသမီးက....

'ရွှေအင်း မင်းတော်တော်ဆိုးပါလား၊ မေမေ မမိုး ကို ဘာပြောထားသလဲ၊ မညစ်ပတ်ရဘူး၊ တီရှပ်ဒွန်လေး တွေကို မညှဉ်းဆဲရဘူးလို့ ပြောမထားဘူးလား'

ဟု အသံမာမာဖြင့် မေးလိုက်သည်။

ရွှေအင်းက....

'ပြော....ပြောထားပါတယ် မေမေ'

အမျိုးသမီးက....

'မေမေ.... ပြောထားပါလျက်နဲ့ ဘာကြောင့် မေမေ့ စကားကို နားမထောင်ရတာလဲ'

ရွှေကောင်းက....

'ညီမရယ် သားကမဆိုးပါဘူး၊ ရှုဝမ်းက ထိန်းသိမ်းတာ ညံ့လို့ဖြစ်မှာပါ'

ဟု ကြားဝင်ပြောလိုက်လေသည်။



အမျိုးသမီးက လက်မခံချေ။

ရွှေကောင်း၏စကားကို အမှုမထားဘဲ....

'ကဲ....သားမှာ အပြစ်ရှိသလား မရှိဘူးလားဆိုတာပြော စမ်း'

ဟု ကလေးငယ်ရွှေအင်းကို ခေါ်လိုက်လေသည်။

ရွှေအင်းက....

'အပြစ်ရှိပါတယ် မေမေ'

ဟု ဝန်ခံလိုက်၏။

အမျိုးသမီးက....

'ကောင်းပြီ၊ သားမှာအပြစ်ရှိရင် ရေမိုးချိုး အဝတ် အစားလဲပြီးရင် အပြစ်ပေးရမယ်၊ လာခဲ့'

ဟု ပြောကာ ရွှေအင်းကို လက်ဆွဲပြီး ခေါ်သွား လေသည်။

ရှောင်အင်းသည် အကူအညီတောင်းသည့် အကြည့်ဖြင့် ရှောင်ကောင်းကို လှမ်းကြည့်ပြီး မိခင်ခေါင်းဆောင်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

*　　*　　*

ရှောင်အင်းနှင့် အထိန်းတော်ကြီး ရှုဝမ်းတို့သည် အမျိုးသမီးခေါင်းရာနောက်သို့ လိုက်ပါသွားကြပြီဖြစ်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

'သူတို့ရဲ့ဘဝ အေးချမ်းသာယာနေပါပြီ၊ ငါ့ကြောင့် အနှောင့်အယှက်ဖြစ်သွားမှာကို စိုးရိမ်ရတယ် မဖြစ်ပါဘူး၊ ငါထွက်သွားမှပါပဲ'

ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက်....



သစ်ပင်အောက်မှထွက်ကာ ခြံဝင်းတံခါးဘက်သို့ မျက်နှာမူလိုက်လေသည်။

ထိုစဉ်....

သူ၏လှုပ်ရှားမှုကြောင့် ရှောင်ကောင်းက လှမ်း၍ တွေ့မြင်သွားလေတော့သည်။

ရှောင်ကောင်းသည် မျက်မှောင်ကြုတ်ကာ ကြည့်နေပြီးမှ....

'လုံလီ၊ မင်း....မင်း လုံလီမဟုတ်လား'

ဟု အော်ပြောလိုက်၏။

ဤတွင်....

ကျင်းစန်း၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

ရှောင်ကောင်းဘက်သို့ ပြန်လှည့်လိုက်သောအခါ ပြေးလွှားလာသော ရှောင်ကောင်းကို တွေ့လိုက်ရလေသည်။

'ရှောင်ကောင်း'

ကျင်းစန်းက ခေါ်လိုက်သည်။

ရှောင်ကောင်းသည် ဝမ်းသာအားရဖြစ်နေပြီး....

'လုံလီ၊ မင်း....မင်း ငါ့ဆီကို မင်း လာတယ်နော်'

ဟု ပြောလေသည်။

နှစ်ယောက်သားတွေ့ဆုံမိလျှင်တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ သိုင်းဖက်လိုက်ကြလေသည်။

* * *

မြင်းလှည်းသမား ကျင်းစန်း....



လက်တစ်ဖက်ပြတ် ဒုက္ခိတမြင်းလှည်းသမား ကျင်းစန်းသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဓားကျွန်းပိုင်ရှင် သခင်လေးလုံလီပင် ဖြစ်နေပါတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)